

# အနှစ် နှစ်ဆယ် ကဗျာစု

အောင်ဒင်/ဒတ္ထ

# ပုံနှိပ်မှတ်တမ်း

**ပထမအကြိမ် (၂၀၁၄၊ အောက်တိုဘာ)** ■

**အုပ်ရေ** ■

၅၀၀

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** ■

ဦးလှမိုး(ယာယီ-၀၁၃၅၃)၊

ပန်းကြာဖြူပုံနှိပ်တိုက်၊

အမှတ် (၁၀၈)၊ လမ်း၄၀(အောက်)

**ထုတ်ဝေသူ** ■

ဦးဇော်မင်းကျော်(ယာယီ-၂၂၁၂)

**မျက်နှာဖုံးဒီဇိုင်း** ■

ကာတွန်းဝင်းအောင်

**တစ်** ■

ဇင်မာ

**တန်ဖိုး** ■

၁,၅၀၀ကျပ်

၈၀၈. ၈၄

အောင်ခင်/ဒဏ္ဍ

အနှစ်နှစ်ဆယ် ကဗျာစု (၁၉၈၀-၁၉၉၀ ခုနှစ်များ)

**ရန်ကုန်၊ ခေတ်ပြတိုက်စာပေ၊ ၂၀၁၄။**

စာမျက်နှာ - ၁၀၀ ၊ ၁၈ × ၂၅ စင်တီမီတာ။

(၁) အနှစ်နှစ်ဆယ် ကဗျာစု (၁၉၈၀-၁၉၉၀ ခုနှစ်များ)

# မာတိကာ

## ၁၉၈၀ ခုနှစ်များ


၁။ ဈေး ---------------------------- ၁၁

၂။ မနက်ဖြန်ရဲ့ နာမည်သစ် ---------------------- ၁၄

၃။ မနိုးသေးခင် ---------------------- ၁၆

၄။ မှာတမ်း ------------------------- ၁၈

၅။ အထမ်းသမားတို့အကြောင်း ------------------ ၁၉

၆။ မိတ်ဆက် ------------------------ ၂၃

၇။ အိပ်မက်ထဲ မလာရ -------------------- ၂၆

၈။ သားအဖနှစ်ယောက်ရဲ့လေ ----------------- ၂၈

၉။ ဤသို့ပင်မျှော်လင့်မိပါသည် ---------------- ၃၁

၁၀။ မနေ့ကမိုး ----------------------- ၃၃

၁၁။ ဖနပုဒ်က နှင်း -------------------- ၃၄

၁၂။ အမေ့အကြောင်း -------------------- ၃၆

၁၃။ ခေါင်းလောင်းသံအိုရဲ့အတွေ့ဖွဲ့ကွ ------------ ၃၉

၁၄။ လွမ်းရင်းခွဲခွာကြပါစို့ ---------------- ၄၂

၁၅။ နွေညများ ------------------------ ၄၄

၁၆။ မျှော်လင့်ခြင်းသီချင်းတစ်ပုဒ်ရဲ့ညနေ - - - - - - - - - - - - - - ၄၆

၁၇။ ကျနော့်ရဲ့ အပြာရောင်မိုးစက်ပွင့်များ - - - - - - - - - - - - - - ၄၈

၁၈။ တမ်းတခြင်း - - - - - - - - - - - - - - - - - - - - - - - - ၅၀

၁၉။ ခွဲခွာခြင်း - - - - - - - - - - - - - - - - - - - - - - - - ၅၂

၂၀။ တောက်ပမှု (နွေဦး) - - - - - - - - - - - - - - - - - - - - ၅၄

၂၁။ ပွင့်ခြင်းညနေ - - - - - - - - - - - - - - - - - - - - - - ၅၆

၂၂။ သတိရခြင်းများမှတစ်ဆင့် - - - - - - - - - - - - - - - - - - ၅၉

၂၃။ နာရီ - - - - - - - - - - - - - - - - - - - - - - - - - ၆၁

၂၄။ ၄ က်တစ်ကောင်နှင့် ပန်းတစ်ပွင့်အကြောင်း - - - - - - - - - ၆၄

၂၅။ ထာဝရနှင်းဆီ - - - - - - - - - - - - - - - - - - - - - ၇၀

၂၆။ ညစာ - - - - - - - - - - - - - - - - - - - - - - - - ၇၂

၂၇။ အပြာရောင်မိုးကောင်းကင်သို့အလွှမ်း - - - - - - - - - - - - - ၇၄

၂၈။ သမုဒ္ဒရာ - - - - - - - - - - - - - - - - - - - - - - - ၇၇

၂၉။ ရဲရင့်မှု - - - - - - - - - - - - - - - - - - - - - - - ၇၉

၃၀။ ကျောင်းသားကဗျာ - - - - - - - - - - - - - - - - - - - ၈၁

၃၁။ အိမ်ဝေး - - - - - - - - - - - - - - - - - - - - - - - ၈၃

၃၂။ ခွင့်မသာ - - - - - - - - - - - - - - - - - - - - - - - ၈၄

## ၁၉၉၀ ခုနှစ်များ


၃၃။ နောက်ကျသူ - - - - - - - - - - - - - - - - - - - - ၈၅

၃၄။ တနင်္ဂနွေနှင့် သူ့မိတ်ဆွေများအကြောင်း - - - - - - - - - - ၈၇

၃၅။ ခက်ခက်ခဲခဲကုန်ဆုံးရတဲ့နေ့ - - - - - - - - - - - - - - - - ၈၉

၃၆။ နွေဦးပေါက်ကဗျာရဲ့အတ္ထုပ္ပတ္တိ - - - - - - - - - - - - - - - ၉၂

၃၇။ လူတစ်ယောက်လိုလမ်းလျှောက်၍
လူအချို့ကိုနှုတ်ဆက်ခြင်း - - - - - - - - - - - - - - - - - ၉၄

# အောင်ခင်

## ထုတ်ဝေပြီးသော စာအုပ်များ

(၁) တာရာမင်းဝေအမှတ်ထရ စာစုများ
(မိုးမခမီဒီယာ၊ ဩဂုတ်လ ၂၀၀၉ ခုနှစ်)

(၂) မြန်မာနိုင်ငံ၏ ပြည်ထောင်စုလွှတ်တော်ကို အနီးကြည့် အဝေးကြည့်
(**ခေတ်ပြတိုက်စာပေ**၊ အောက်တိုဘာလ ၂၀၁၃ ခုနှစ်)


(၃) ရန်ကုန်ငြိမ်းချမ်းရေး ကဗျာစု
(**ကေကျူစာအုပ်တိုက်**၊ နိုဝင်ဘာလ ၂၀၁၃ ခုနှစ်)

(၄) ဇရာဝတီ ငြိမ်းချမ်းရေးနှင့် အမှတ်တရများ
(**ခေတ်ပြတိုက်စာပေ**၊ ဖေဖော်ဝါရီလ ၂၀၁၄ ခုနှစ်)

(၅) နွေတစ်ညမှ အစပြု၍
(**ခေတ်ပြတိုက်စာပေ**၊ ဇူလိုင်လ ၂၀၁၄ ခုနှစ်)

(၆) ဒီမိုကရေစီ ခွဲခြားဆက်ဆံခြင်းနှင့် မြေအောက်လှုပ်ရှားစာတမ်းများ
(**ကေကျူစာအုပ်တိုက်**၊ အောက်တိုဘာလ ၂၀၁၄ ခုနှစ်)

## ၁၉၈၀ ခုနှစ်များ




### ဈေး

လင်းစအာရုဏ်မှာ
နှာရှိုသံ ငါးချက်
မနက် ဈေးတံခါးဖွင့်ပါပြီ. . .။

အစီအရီဝင်လာခဲ့
ဈေးရဲ့ ဈေးသည်တွေပါပဲ
ကုန်ခြောက်သည်၊ ကုန်စိမ်းသည်
ဆန်သည်၊ ဆီသည်၊ အထည်သည်
မုန့်သည်၊ အကြော်သည်၊ ထမင်းသည်
ဝယ်သူကို မျှော်နေကြလေရဲ့. . .။

တနင်္ဂနွေ
အရင်းကြေသတဲ့
တနင်္လာဆိုရင်
အရင်းပါသတဲ့
လလယ်ကြွေးကျန်
လကုန်မှန်သတဲ့
သူတို့ရဲ့ ဆိုစကား
နေ့များသက်သေရှိပါတယ်. . .။

ကိုယ်ဝန်ဆောင်သည်
ဈေးဦးဖောက်ဝယ်ရင်
လာဘ်ရွှင်သတဲ့
ဒီလိုနဲ့
ဈေးဦးပေါက်ခဲ့ကြပြီကွယ်. . .။

အလေးခိုးသူလည်း ရှိရဲ့
အကြွေးတိုးသူလည်း ရှိရဲ့
အလေးမှန်တဲ့ဆိုင်
ဈေးမှန်တဲ့ဆိုင်
ကက်ဆက်ဖွင့်တဲ့ဆိုင်
အပေါက်ကြမ်းတဲ့ ဈေးသည်
ငေါက်ငမ်းတဲ့ ဈေးသည်
ဘယ်လိုပဲဖြစ်ဖြစ်
တစ်နှစ်တစ်ခါ အလှူဒါန
'ဘုံကထိန်' အင်အားပြကြစမြဲကွယ်. . .။

ဈေးအတွင်းမှာ
သာရေးနာရေး
ဈေးသည်လက်မနှေးကြပါဘူး
ထူးမြတ်တဲ့ ဒါနပါရမီ
ဈေးသည်တို့ လက်လှမ်းမီသလောက်
တည်ဆောက်ခဲ့ကြပါရဲ့ . . .။

ဈေးအတွင်းမှာ
ဓမ္မာရုံလည်းရှိပါတယ်
ဈေးသည်တို့လုပ်အားနဲ့
လှူပ်ရှားတည်ဆောက်
နိဗ္ဗာန်လမ်း ဖောက်ခဲ့ကြပေါ့ . . .။

မနက်ခင်းမှ
ညနေသို့တိုင်
ရေစိုင်ဝဲဂယက်
ရေတက်ရေဆန်
ထက်သန်လှုပ်ရှား
ဈေးသည် ခွန်အားအပြည့်နဲ့လေ . . .။

နေညိုရောင်သန်း
အမှောင်လွှမ်းတော့
ဈေးသည်ပြန်ချိန် ရောက်ပြီပေါ့ . . .။

ညနေဆည်းဆာမှာ
နာရီသံခြောက်ချက်
ဒီတစ်ရက် ဈေးတံခါးပိတ်ပါပြီ . . .။

*(မိုးဝေမဂ္ဂဇင်း၊ ဇီဇင်ဘာလ၊ ၁၉၈၃)*

■




## မနက်ဖြန်ရဲ့ နာမည်သစ်

နေ့ရဲ့နိဒါန်း။ နှင်းဆီပန်းပွင့်
လက်ဆောင်ဆင့်မည်. . .။
တရားနှင့်လူ၊ အပြစ်ဟူသမျှ
မြူတစ်စမကျန်
သံစဉ်မှန်တေးသွား။ စည်းဝါးနရီ
ပီသကြည်မြ၊ ဂီတတစ်ပိုဒ်
အမြိုက်ဒေသနာ၊ စိတ်ဖြာခွဲခြမ်း
ခရီးမပန်းပီ. . .။
မဝေးတော့ဘူး
တရားထူးမြတ်၊ ခူးဖြတ်ပန်ဆင်
ရင်ခွင်နှောင်ဖွဲ့၊ ပန်းနဲ့ထုလုပ်
ကဗျာတစ်ပုဒ်လို. . .။

ဘယ်ကိုသွားသွား
ဘယ်နားလျှောက်လျှောက်
ရောက်မည့်ရက်မှန်၊ မနက်ဖြန်မှာ
ကာရန်ပိုက်ပွေ့၊ ကျွမ်းမြေကြော့ကွဲ
မငိုဘဲနှင့် . . .။
လိုအင်ဆန္ဒ
မပြည့်ဝခြင်း၊ ဖြည့်တင်းအိပ်မက်
မနက်ဖြန်မှာ၊ ပြည့်ပါစေသား
စောင့်စားဝေမူး၊ ခရီးဦး၌
ဒူးခွင့်မကြုံ၊ ပန်းတစ်ရုံကို
ပြန်လည်ဆုံတွေ့၊ ခုံမင်မွေ့ခွင့်
အမုန်းနှင့်သူ၊ မပြုရစေ . . .။
နေခွင့်နိဂုံး၊ မဆုံးသေးခင်
အဝေးရှက်သစ်၊ တေးလှစ်ချိုမြ
ထာဝရ . . .
ထာဝရ . . . ဆို . . .။
သိလိုက်ပါရဲ့
အမုန်းနဲ့ဖျက်၊ ရှုံးမည့်ရက်တွေ
ပုန်းညက်ရွှေလူ၊ အိပ်မက်ဦးမှာ
ပျော်ရာဖြေသိမ့်၊ မနေစိမ့်ရက် . . .။
သည်လိုနှင့်
မျှော်လင့်ကြေကွဲ၊ ဘဝထဲမှ
မာနမဲ့ကျန်၊ မနက်ဖြန်ကို
နာမည်ပြောင်းကြရအောင်ကွယ် . . .။

(မတ်လ ၁၉၈၄)
■



## မနိုးသေးခင်

ဆံခွေလိပ်၊ လေအသိပ်
ညရိပ်ခိုနား၊ အိပ်ပြီလား မေ. . ။

ဖွေမောမန္တ၊ ခရီးဆန့်ရင်း
ရှင်းသန့်ရှိုင်းနက်၊ ပန်းချစ်မျက်လုံး
လမင်းပြုံးတာ ကြည့်ပါဦး
ချစ်သူပြုံးတာ ကြည့်ပါဦး . . . ။


ခရီးဆုံးမှ၊ ပြန်လာကြ
မနေ့ညက၊ ရွှရွှကြယ်ဖူး
အခူးဆွတ်ခံ၊ ကာရန်ရှင်လက်
တမ်းမက်ကြိုမော၊ ချစ်သောကမ္ဘာ. . . ။

ဖြာမှောင်ညနက်၊ လှမပျက်
နုညက်ဂီတ၊ နားဝခိုနား
နှလုံးသားသံစဉ်၊ ပန်ဆင်ပါဦး
ချစ်သူဆိုတာ ကြားပါဦး. . .။

ပန်းတစ်ကုံးမျှ၊ ညခရေဖူး
မြေမလူးခင်၊ ခူးယူသီဖွဲ့
လွမ်းတဲ့ ဝိညာဉ်၊ ကြည်လင်စေသား
ခိုနားမြန်းဆင်၊ သူ့ဆံပင်မှာ
ပန်းပွင့်တစ်ရာ၊ ပန်းကဗျာပေါ့. . .။

ပြန်မလာနဲ့၊ မုန်းတဲ့စကား
အဝေးသွားကွယ်
စည်းခြားဘောင်ခတ်၊ ရှစ်ရပ်တံတိုင်း
ရံတားပိုင်းဆစ်
ချစ်သူ့အိပ်မက် မပျက်ရအောင်. . .။


■



## မှာတမ်း

နှုတ်ဆက်သီချင်း
ညင်းသီဆိုဖွဲ့ ချန်ထားခဲ့မယ်. . .။

နှင်းစက်များဖြင့်၊ ကြွားဝင့်ပျိုလွင်
ရာသီပင်တို့ မျက်ရည်စို့ဝဲ
အေးစက်ဆဲည၊ ထာဝရမတည်
နာရီရွှေ့လျား၊ တံခါးဘောင်းပိတ်
ဆောင်းအိပ်တော့မယ်. . .။




ဘယ်လို. . .
အပူကိုကြောက်
ရွက်ခြောက်ရင်ခွင်၊ မခုံမင်ဘူး
ပန်းဦးပွင့်ဝေ၊ မကြွေချင်ဘူး
ရည်စူးသမျှ ဘဝပုံပြင်
သင်္ခါရ နိမိတ်
လန့်ထိတ်သတဲ့. . . လား။

အားနာလိုက်တာ
ကံကြမ္မာနဲ့၊ ကာလခရီး
ဖန်တီးမရ တစ်ဒင်္ဂတွေ
ဝေကြ ကြွေကြ ၊ နေကြ သေကြ
ဒါ. . . ဘဝ. . . တဲ့။

မမုန်းနဲ့လေ
နွေမှာနေရဲ့ မြေမှာခြေမြဲ
အံခဲသတ္တိ ပကတိနုပျို
ပင်အိုမာန၊ သည်မှာပြစို့
ပန်းတချို့တော့ ကြွေလိမ့်မယ်. . .။

*(ရွှေမဝရုပ်စုံမဂ္ဂဇင်း၊ ဧပြီ ၁၉၈၄ ခုနှစ်)*


■



## အထမ်းသမားတို့အကြောင်း

(၁)
နံနက်နေက
အလင်းတံခါးဖွင့်ပြီ
နာရီသံနဲ့အတူ၊ သူတို့ရောက်ရှိကြ
ဈေးကလုပ်သား၊ အထမ်းသမားတစ်စု. . .။
ဈေးဖွင့်ချိန်မှာ
ဈေးဟာ အိမ်ပေါ့
မှိန်ဖျော့နွမ်းသီ၊ အကျႌပုဆိုး
အနေညှိုးနွမ်း၊ ပင်ပန်းကြီးစွ
တစ်ဝမ်းဝကြပါစေကွယ်. . .။
(၂)
အရှက်ရဲ့
ဂုဏ်တက်ဖွယ်ရာ ထည်ဝါမှု
ဆည်းဆာရဲ့
သိက္ခာပီပီ တည်ကြည်မှု
(သူတို့) ဂရုမပြုကြပါဘူး. . .။

ဈေးဦးဈေးဖျား၊ ဈေးစကားပြောရင်း
ဈေးတွင်းဝင်တဲ့ကုန်
ဈေးတွင်းက ထွက်တဲ့ကုန်
ပခုံးနဲ့လက်၊ ချွေးစက်ရင်းနှီး
အပျင်းမကြီးမှ၊ တော်ကာကျလိမ့်မယ်. . .။
ဆန်တစ်အိတ်ထမ်းခ
အသပြာငါးမူး
ကုန်စိမ်းတစ်ခြင်းထမ်းခ
အသပြာငါးမူး
ဒူးတို့ယိမ်းယိုင်၊ ခြေမခိုင်လျှင်
ပိုင်ရှင်အမျက်ထွက်လိမ့်မယ်. . .။
ဆန်ကားဆိုက်ချိန်
ကုန်စိမ်းကားဆိုက်ချိန်
အိခြွေမပျက်ခြေလှမ်း
မောနွမ်းမှုအတွက်၊ ချွေးစက်အသင့်ပြင်
သင်္ခါရတရား ဟု. . . အဝေးသွားပါလေ. . .။
(၃)
ဈေးကွဲချိန်မှာ
မနက်စာ ထမင်းဝိုင်း
ဟင်းချိုင့်တိုင်းမှာ၊ တို့စရာငါးပိ
စပ်သည့်ခဏ၊ ကောင်းမှကောင်း
ချိုင့်ခွက်ဟောင်းလောင်း
လူလည်းညောင်း
လဲလျောင်းနားစက်၊ ခုံတန်းပျက်မှာ
တစ်ဖွာတစ်ရှိုက်၊ ဆေးလိပ်ကိုက်
အိပ်ငိုက်သူလည်း ငိုက်လို့လေ. . .။





(၄)
နားခွင့်ရချိန်မှာ
ရောဝတီနဲ့ ချင်း
ဘယ်အသင်းနိုင်မလဲ
ဘယ်အသင်းရှုံးမလဲ
စက္ကူကျားတိုက်ပွဲ
အကွက်မည်း အကွက်ဖြူ
လက်ရည်တူစမ်း၊ တစ်ကျပ်တန်း
နိုင်သူပြုံးပန်းလှလိမ့်မယ်...။
အထမ်းသမားချင်း၊ လောင်းကစားပြိုင်
နိုင်သူငွေတိုး၊ ရှုံးသူညိုး
ရိုးသားမှုနဲ့၊ ရတဲ့ပိုက်ဆံ
အိမ်အပြန်ပါမှ ပါပါ့မလား...။
(၅)
သူတို့ဟာ
အသပြာမှုဆိုး
ငွေတိုးချေးသူတွေရဲ့
အကြွေးမဲ့ သားကောင်တွေလည်းဖြစ်ပါတယ်...။
ဆိုင်ရှင်ဈေးသည်
ဘယ်လိုပင် ကြွယ်ဝလည်း
ညအမှောင်သန်းထိ၊ ကုန်ထမ်းကုန်ချ
သူတို့ဘဝဘောင်ကျဉ်း
နတ်မင်းကြီးမကယ်နိုင်
ကိုယ်တိုင်ကုစား၊ ကုထုံးမှားလည်း
ကံတရား မျက်လွှာချနေတယ်...။

(၆)
သဘာဝရဲ့ အမွေအနှစ်
ဖြစ်တည်ဆဲအလင်းရောင်ဟာ
တိတ်ဆိတ်စွာကွယ်ပျောက်
လူတစ်ယောက်ရဲ့အလှဆုံးအချိန်
ဈေးတံခါးတို့ပိတ်ချိန်
အထမ်းသမားတို့ အိမ်ပြန်ချိန်မှာ
နေမျက်နှာဝှက်၊ အနောက်ဘက်
ဒီတစ်ရက် တာဝန်ပြီးကြပြီ. . .။
အပြန်လမ်း
ပင်ပန်းသမျှ
ခဏချွေးသိပ်
တောအရက်လေး ကြိတ်ကြဦးစို့. . .။

*(မိုးဝေမဂ္ဂဇင်း၊ ဇွန်လ၊ ၁၉၈၄)*

■






## မိတ်ဆက်

(၁)
ကျန်းခဲ့သာလို့ မာပါစ
အညာကျေးလက်က
ကဗျာရေးဘက် မိတ်ဆွေ ။
(၂)
ရန်ကုန်မှာတော့
ရွာနိုင်မစဲ၊ မိုးသည်းသည်း
နေ့လည်း မိုးစို၊ ညလည်းမိုးယို
ဘဝရှေးက ကုသိုလ်ထင်ရဲ့ . . .။ါ
မြို့ပြဆင်ခြေဖုံး
အမှန်းမည်းမည်း၊ ဝုန်းခနဲ
မိုးရဲ့တဲ့အခါ
ဥက္ကလာပ၊ သာကေတ
ဇနပုဒ်က ကားလမ်း
မြစ်ဇရာ လွှမ်းလောက်ရဲ့ . . .။


စိတ်ဆောင်လို့ ခန္ဓာထူမတ်
ကားကျပ်ကျပ်ကို တွယ်စီး
ပလက်ဖောင်း လူစီးကြောင်းမှာ
ကဗျာလည်းမျော၊ ကျနော်လည်းမျော
ချွေးစက်နဲ့ မိုးရေရောယှက်
အနောက်တောင်လေ တိုးအပက်မှာ
ကဗျာလည်းဖျား၊ ကျနော်လည်းဖျားပေါ့. . .။
(၃)
ကျေးလက်ကဗျာချိုချိုနဲ့
အိုခြင်းမဲ့ စာပေသွေးသား
လေးစားတယ်ကွယ့် မိတ်ဆွေရဲ့. . .။
ကျေးလက်က
ချွေးထွက်တဲ့ လူတန်းစား
ရိုးသားမှုနဲ့ မျက်နှာသစ်ပါ
ခေတ်သီချင်းကို ရွေးချယ်ပါ
ရာသီဆိုးကို၊ ကြံ့ဖို့အသင့်
မြင့်မြတ်ခြင်းကို ခေါင်းအုံးပါ
အသေးငယ်ဆုံး
သစ်သီးတစ်လုံးရဲ့ရသ
ရောင့်ရဲခြင်းဖြင့် မျှဝေပါ
ဒါ. . . ကဗျာ. . . ကွယ့် မိတ်ဆွေရဲ့ . . .။
ခံစားချက်များ၊ မွေးဖွားသန့်စင်
မြေပေါ်က ပန်းများရဲ့ ရာဇဝင်
ဗီဇရင်ခွင်ရဲ့ မာန
ကဗျာမှာ ပြကွယ့် မိတ်ဆွေရဲ့ . . .။


ရာစုနှစ်အိမ်အိုထဲက
ရောဂါဘယရဲ့ ခြောက်လှန့်သံ
ကာရန်အဆိပ်သင့်
စွန့်လွှတ်ပိုင်ခွင့်တွေးမျှော်
ကျနော်တို့တစ်တွေမှာတော့
တစ်ကြိမ်တစ်ခါတစ်လေမက
လိမ်ညာနေကြရပေါ့ . . .။

(၄)
တွေ့ခွင့်ကြုံ ဆုံဖို့က
တစ်ချိန်ကျတော့
စကားတစ်ဝပြောမယ်. . .။
ကဗျာကို ကိုးစားသူချင်း
ဆွေရင်းမိတ်ဖက်၊ ယုံကြည်ချက်
အင်အားဖြည့်စွက်ပေးကြမယ်. . .။
ထာဝရ
ဘဝကို ချစ်မက်
အသက်ခေတ်ရဲ့ စကားပြင်းပြင်း
ယာခင်းထဲက၊ ဘဝကဗျာ
မုသာဝါဒ ကင်းပါစေကွယ်. . .။

(ဩဂုတ်လ ၃ရက်၊ ၁၉၈၄)

■





## အိပ်မက်ထဲ မလာရ

(၁)
အိပ်မက်တစ်ခုပေါ့လေ
ပန်းပွင့်တွေလည်း မြေခ
ကြွေကျဆဲ မာနသစ်ရွက်
ပါးထက်ခိုနား၊ မျက်ရည်ခါး
နှလုံးသားမှာ၊ ဒဏ်ရာတစ်ခု
ဘယ်သူမပြု မိမိမှုတဲ့ . . .။
ပြီးခဲ့ပြီကောကွယ်
ဘယ်လိုမှ အပစ်မတင်ရက်
အမြင့်ကို ဆက်တက်ပါ
ခရီးဖြောင့်ပါစေ
ဆူးငြောင့် ကင်းရှင်းပါစေ
ဆုတောင်းပေးနေရဲ့
ထားခဲ့သူသို့၊ မေတ္တာပို့သ
မေ့လို့မရနိုင်ပါလား. . .။


(၂)
. . . အို
အိပ်စက်ခြင်းကို စိုးမိုး
အိပ်မက်မြူခိုးများကြားမှာ
ချစ်ခဲ့ဖူးသူပါလား
ပိုးတဝါးဝတ်ရုံ၊ နှင်းဆီငုံပန်းတစ်ပွင့်
လက်ဖြင့်ဆုတ်ချေ၊ လွင့်မျောလာနေရဲ့
အညာဖွဲ့အပြုံး၊ မျက်လုံးနက်နက်
စွဲမက်ကြင်နာဆဲ
ကမ်းလက်ရဲရဲ တွဲမခိုဝံ့
စိုးရွံ့ကွဲကြေ၊ ငိုချင်နေမိ
သူမသိဘူး. . .။
သွားပါတော့လေ
မပုန်းပေမည့် မေ့ချင်ရဲ့
ဒဏ်ရာများရဲ့ အနာဂတ်
သတ်မှတ်ရွေးချယ်ထားတဲ့လမ်း
ဖြောင့်ဖြောင့်လျှောက်လှမ်းပါရစေ. . .။

(၃)
အိပ်မက်မက်ဆဲ
အိပ်မက်ထဲလာ
နင် မညာပါနဲ့တော့ကွယ်။

(ဩဂုတ် ၁၆၊ ၁၉၈၄)

■





## သားအဖနှစ်ယောက်ရဲ့လေှ

တောင်ကျချောင်းရေတွေက
ကျနော်တို့လှေကို တိုးဝင်ရိုက်ပုတ်
နစ်မြုပ်တော့မယ် အဖေ. . . ။

ဟိုး. . . တောင်ထိပ်မှာတော့
မိုးရိပ်တို့ညှိမှောင်နေရဲ့
ရွာဝံ့လို့ရွာခဲ့ပြီပဲ. . . ။

ရေစီးသန်သန် လှိုင်းထန်ထန်မှာ
လှေနံရံကို ကျစ်ကျစ်ဆုပ်
ကျနော်. . . တုန်လှုပ်နေပါပြီ. . . ။

အဖေ
မိုးစက်မိုးပေါက်တွေက
သဲသဲမဲမဲရွာချနေရဲ့
လှိုင်းရဲ့ မိန္ဒာပါးပျဉ်းက
အလင်းရောင်မှန်သမျှကို ကာဆီး
ကျနော့်သတ္တိတွေ မြုန်းတီးပါပေါ့. . .။


အလို. . .
မျက်နှာမပျက်ပါလား. . .
တစ်ချက်မညည်းပါလား
မိုးနဲ့ရေစီးကြားကလှေ
လှေထဲက သားအဖ
ကျနော်က. . . ကြောက်လန့် တုန်လှုပ် တွေဝေ . . လို့
အဖေက
အရိုးအပြိုင်းပြိုင်းလက်များမှ
လက်ကျန်ကြွက်သားနဲ့
လှော်တက်အားကိုး၊ ရေကိုတိုး
သတ္တိမာန နိုးကြားနေရဲ့ . . .။


ကျနော်က နှစ်ဆယ့်သုံးနှစ်
အဖေက ခြောက်ဆယ့်သုံးနှစ်
ကျနော်မမွေးခင် အနှစ်လေးဆယ်မှာ
အဖေ့လှေ ဘယ်နှခါမှောက်ခဲ့ပြီးပြီလဲ
ရေစီးထဲက ဘဝမာနနဲ့
လူတစ်ယောက်ရဲ့ ထာဝရသတ္တိ
စိတ်ဓာတ်ကို သံမဏိနဲ့တည်ဆောက်
ရေအောက်နစ်မြုပ်ခဲ့ နာရီများအတွက်
အဖေ့မှာ အိပ်မက်မရှိဘူးထင်ရဲ့ . . .။

ဟုတ်ကဲ့. . . အဖေ
ရေစီးတွေကြားထဲမှာ
မှုန်တိုင်းထဲမှာ
အခက်အခဲတွေကြားထဲမှာ
ကျနော်လည်း
(နောက်ဆုံးအချိန်အထိ)
လှော်တက်မြဲမြဲ လှော်ရဲရမှာပ
စိတ်ချအဖေ. . .
ကျနော်တို့လှေ ၊ မနစ်စေရဘူး. . .။

*(ပေဖူးလွှာမဂ္ဂဇင်း၊ ၁၉၈၄)*

■






# ဤသို့ပင်မျှော်လင့်မိပါသည်

အစ
အမိဝမ်းမှ ၊ ရှင်သန်ထမြောက်
အရွယ်ရောက်ရင်
ခြေလျင်တော့ လျှောက်ရလိမ့်. . .။

စကြဝဠာ လမ်းကျဉ်းထဲမှ
ပန်းခင်းတို့ ရယ်မောသံ
တောင်ယံ တောအနှံ့ ခရီးဆန့်
ကမ္ဘာတစ်ပတ်ပတ်လိမ့်မယ်. . .။

လေပြည်သုတ်လိမ်း၊ ပုခက်စီး
ငှက်တို့ယိမ်းက၊ ချော့သိပ်ကြမယ်. . .။

'အုဝဲ'. . . တဲ့
သားငယ်ရဲ့ ပထမ တေးသံ
ဟန်မဆောင် သွေးမပျက်
အရှက်မာန၊ ထာဝရ ပိုင်ဆိုင်
ကံမနိုင်လည်း၊ မာန်ခိုင်မြဲစေ. . .။


စူးစူးဝါးဝါး၊ သားငိုနေရဲ့
ဘဝနဲ့လူ
အကြိတ်ရင်၊ ရန်သူဖြစ်နိုင်လိမ့်
ဖြေသိမ့်ခြင်းအတွက်၊ မျက်ရည်စက်
ခါးသက်ကြွေကျ၊ မြေခရဦးမယ်. . .။
အမေ့ရဲ့ ရင်ကထွက်
နို့တစ်စက်ခွန်အား၊ ဝင့်ကြွားဆောက်တည်
ဒဏ္ဍာရီဟောင်း၊ ပုံပြင်ဟောင်း
ပြန်ပြောင်းတသ၊ ကာလသစ်သန္ဓေ
အဖြေမဟုတ်ရင်
ရေတစ်မှုတ်နဲ့ ကွမ်းတစ်ယာ
လိပ်ပြာသူမ၊ လာဆက်သလိမ့်မယ်. . .။

ကဗျာဆရာရဲ့ သား
စကားတတ်ရင်၊ ကဗျာသင်
ခုံမင်ကြည်နူး၊ တိုင်တည်ဦး
ပန်းဖူးကဗျာ၊ ချစ်တတ်ပါစေ. . .။

အမေ့ကဗျာ၊ သားကဗျာ
ယှဉ်ကာရွတ်ဖတ်၊ မြတ်နိုးတတ်စေ
မျှော်လင့်နေမယ်. . .။

*(သဘင်မဂ္ဂဇင်း၊ အောက်တိုဘာ ၁၉၈၄)*

■



## မနေ့က မိုး

နှလုံးသားမှာ၊ တံခါးလာခေါက်
ခြောက်လှန့်သူလား၊ အိပ်မက်လားဟင်
ရင်ခွင်ဦးအနမ်း၊ နှုတ်ဆက်ပန်းပွင့်
မရင့်ကျက်သော၊ ပင့်သက်အမောတွေ
နွေပြေးလွင့်ပျောက်၊ မိုးစက်ရောက်ခဲ့
မိုးပေါက်နဲ့ပန်း၊ မိုးရဲ့လမ်းထက်
ဖြန်းပက်ခိုလှုံခဲ့ပြီကောကွယ်. . .။
နှလုံးသား၌၊ နှစ်မြို့က်ခုံမင်
ယုံချင်သည့်ပန်း၊ လန်းတော့လန်းရဲ့
လွမ်းမဲ့အိပ်မက်၊ မိုးစက်နက်ဖြန်
ပြန်မှာစိုးကြောက်နေပေါ့ကွယ်. . .။
နှလုံးသားရဲ့၊ တံခါးအဖွင့်
ပင့်သက်တွေဝေ၊ ရင့်ကျက်စေသား
အားငယ်အောက်မေ့၊ အိပ်မက်နေ့တွေ
အမြေရှာခက်၊ ခြေရာနက်ပေါ့
ပြန်တော့မဲ့ မိုး၊ ညှိုးတော့မယ့်ပန်း
ဆောင်း၌လန်းနိုင်ပါ့မလားကွယ်. . .။

*(ရှမဝ ရုပ်စုံမဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၁၉၈၄)*

■



## ဇနပုဒ်က...နှင်း

အခိုက်အတန့်
ညောင်းဆန့်ရှည်လျား
ခနီးသွားခဲ့တဲ့... နှင်း ... ။
သက်ပြင်းတစ်စ၊ ပြတင်းဝက
ရှုရှုဖျန်းပက်၊ သည်မနက်မှာ
ကဗျာဆန်ခြင်း၊ နာခံခြင်းနဲ့
ပြန်လာခဲ့ပြီ...။
ဆောင်းနာရီနဲ့၊ ရာသီသီချင်း
မနက်ခင်းရဲ့ ဓမ္မ
အသက်ပြင်းတဲ့ သင်္ခါရ
ကျန်းခဲ့သာလို့ မာပါစ...။
အိပ်မက်မက်သူတို့ရယ်
စိတ်ကူးနယ်ခြား၊ တံခါးဖွင့်ပိတ်
ညရိပ်လရိပ်၊ ဘဝရိပ်မည်း
အိပ်မက်ထဲမှာ၊ ပန်းပန်ပါလေ...။

အလင်းပွင့်သစ်၊ နှင်းချစ်တဲ့ပန်း
အရုဏ်နန်းတော်၊ ဖူးမြော်နိုးထ
မနေ့ကငုံ၊ ပွင့်ခွင့်ကြုံပြီ. . .။
မှားယွင်းနွမ်းဟိုက်၊ ဘဝရိုက်သံ
မနက်ဖြန်မှာ
ချစ်သူပန်ဖို့၊ ပန်းတချို့ဆက်
ထိသက်ပွန်းရှ ဆူးမခဘူး. . .။
ပန်းတွေအကြား၊ စကားသယ်ပို့
တချို့နှင်းစက်
မြက်ခင်းထက်မှာ၊ ကာရန်ရှာကြ
ထာဝရမဟုတ်
မာနရှုပ်များ၊ နှလုံးသားကို
နှင်းရည်ချိုဖျန်း၊ လန်းပါ့မလား
ဆောင်းတရားခြွေ၊ ပြေပါ့မလား. . .။
အဦးဆုံးနှင်းနဲ့
အကြွင်းအကျန်မိုးစက်
ရောယှက်ပွေ့ဖက်၊ ဒီမနက်မှာ
သိကြာသန့်သစ်၊ ဘဝချစ်
မာနဂီတ၊ ကြွေးဟစ်ကြစို့. . .။

*(နိုဝင်ဘာ၊ ၁၉၈၄)*

■






## အမေ့အကြောင်း

ရယ်စရာတွေးမိတယ်. . အမေ
ရွှေရောင်နေ့များ
ရှည်လျားစွာတောက်ပ
ဘဝမှာ သာယာခြင်းနဲ့မိတ်ဖွဲ့
ကျနော်မမော်နိုင်ခဲ့ရင်တော့. . . .။

အလိမ္မာကိုယုံကြည်အားတက်
ဝံ့ရဲခြင်းမျက်နှာနဲ့
"အာဂ . . ငါ့သား" ရယ်လို့
ဂုဏ်ယူဝင့်ကြွားမှာပေါ့. . နော်. . .။

ရယ်စရာတွေးမိတယ်. . အမေ
ပညာတွေစုံ၊ ရာထူးဂုဏ်နဲ့
ရွှေဘုံပေါ်မှာကျနော်မွေ့
ဘဝမေ့ပြီဆိုပါတော့. . . .။

ထားဝယ်ကြိမ်တုတ်တစ်ချောင်း
လက်ကျန်အားကောင်းကောင်းနဲ့
ဆုံးမစာဟောင်းကိုမေ့
အမှားမွေ့ပိုက်၊ သားငမိုက်ကို
ရိုက်နှက်ရက်မှာပေါ့. . . နော်. . ။

ရယ်စရာတွေးမိတယ်. . . အမေ
လစဉ်ထုတ်မဂ္ဂဇင်းတွေမှာ
တစ်နှစ်မှ. . ကဗျာတစ်ပုဒ်နှစ်ပုဒ်
တစ်ပုဒ်မှငွေတစ်ဆယ်. . နှစ်ဆယ်
မာနငယ်နဲ့ ဘဝကိုတည်ဆောက်
တစ်ခါတစ်ရံ. . သတ္တိတွေပျောက်ခဲ့တော့. . .

ခြေထောက်ဆိုတာ
ရှင်သန်နေသမျှ လမ်းလျှောက်ရမယ်
မာနကို ဝယ်ယူလို့မရဘူး
သွေးထဲကဗီဇကို ဦးညွှတ်ဆက်ခံ. . . .
နက်ဖြန်အတွက်၊ မျှော်လင့်ချက်နဲ့
ခွန်အားဖြည့်စွက်ပေးမှာပေါ့နော်. . . ။

ရယ်စရာတွေးမိတယ်. . အမေ
ဘဝမှာ နေရောင်ညှိုးဖျော့
ခေါင်းမမော့၊ ပန်းမပန်
ဆန္ဒစံအိမ်ပြိုလဲ
ကြေကွဲခြင်းမြစ်၊ မြုပ်နစ်ခဲ့ရင်တော့. . . ။


ဝေဒနာကိုခွဲဝေတူမျှ
သခင်္ါရုန်း မာနအပြိုင်
မနိုင်လို့ရှုံး
နှလုံးသားနု၊ စိတ်မခုစေ
နှစ်သိမ့်နေဦးမှာပေါ့နော်. . .။


. . . တစ်မျိုးတွေးမိသေးတယ်အမေ
တကယ်လို့များ
ကျောင်းသားဘဝကိုလွန်မြောက်
ခြေထောက်တွေမတ်မတ်လျှောက်နိုင်ချိန်
တစ်ထောင့်ငါးရာအိမ်အသစ်ကိုတပ်မက်
အမေ့အိမ်ကရုန်းထွက်ခဲ့ရင်တော့. . .။


နှစ်ပေါင်းများစွာရဲ့
ပျော်စရာအိပ်မက်တို့ပြိုကွဲ
အခန်းထဲမှာ၊ ညင်သာဆိတ်ဆိတ်
တံခါးတွေပိတ်၊ တရားတွေတိတ်
အရိပ်ဝေဝါး၊ စိတ်တွေပြား
အံကြိတ်ငိုနေမလားမသိ. . . . .။


**(ဝဂုန်မဂ္ဂဇင်း ၊ ၁၉၈၅)**

■









## ခေါင်းလောင်းသံအိုရဲ့ အတ္ထုပ္ပတ္တိ

ခေါင်းလောင်းသံနဲ့ ကျောင်းခန်းအို
ဆရာပျိုကို ကြိုနေလေရဲ့...။

ငိုတစ်လှည့်၊ ပြုံးတစ်လှည့်
အမုန်းမဲ့ ကလေးတို့ရဲ့
တေးနွဲ့ချိုချို ကျောင်းအိုတံခါး
ခြေသံများကြား၊ ယိမ်းယိုင်နေ...။

လေသံနားစွင့်၊ ရင့်ကျက်သက်ပြင်း
လမ်းခင်းတံတား၊ ကြမ်းပေါက်ကြားမှ
ရွှံ့များလျှောင်ပြောင် ရှန်းထနေ...။

တစ်ခါတစ်ရံ၊ နာခံပီသ
စာအံကြတဲ့အခါ
'အလိမ္မာ' ဆိုတဲ့စကားလုံး
ပန်းကုံးပန်ဆင်၊ ရင်ခွင်ပိုက်ထွေး
အဝေးကပင်၊ ကြားမယ်ထင်ရဲ့...။

ကျောက်သင်ပုန်းပေါ်မှာ
သင်ခန်းစာသစ်၊ စာချစ်တဲ့ကလေး
ဝမ်းရေးလှုပ်ရှား၊ အင်းအိုင်ကြားမှာ
ငါးရှာဖားကောက်၊ နိုးပေါ်လျှောက်ရင်း
ပြည့်စုံခြင်းရသ၊ ကြားဖူးပါစကွယ်. . .။

ပြောဖူးကြပါရဲ့
ရေတမာပင်တန်း၊ ကုံကော်လမ်းမှာ
ဖြတ်သန်းဖွဖွ၊ မြေရာချနင်း
'တက်ကြွခြင်း'ဖွဲ့၊ သူတို့ရဲ့ 'တေး'
'အဝေးဆုံး'သို့ သွားကြမယ်. . တဲ့လေ. . .။

နေပူထဲက၊ ဘဝကြမ်းကြမ်း
ပန်းနွမ်းနွမ်းတို့၊ လန်းစွင့်ဝင့်ကြွား
အသိမြင့်မားဖို့၊ သူတို့ကူညီကြမယ်. . . တဲ့. . .။

အဲ့ဒီလို
'တက္ကသိုလ်ကျောင်းက ငွေလမင်း'
တေးချင်းဆို၊ ငိုချင်းချ. . . . ဘဝဆိုတာ. . . .။

စိတ်ကူးအိပ်မက်ထဲက
ဘဝရဲ့အကြင်နာ
ကဗျာမဆန်၊ ပန်းမပန်တဲ့
နှောင်ဖွဲ့ရစ်သိုင်း၊ မြူတံတိုင်းခြား
နှလုံးသားမှာဝေဒနာ. . .။

ရေပေါ်ဆီမဟုတ်
မြေသားအုတ်မြစ်၊ ကျစ်လျစ်ခိုင်ခံ့
ဝိညာဉ်သန့်စင်၊ ဖြူစင်ရိုးသား
လေးစားစရာ၊ ကျေးလက်မှာရှိ
ပကတိလူ့တန်းစား
ကံတရားကို၊ ကိုးစားယုံကြည်. . .။


လွင့်ပြယ်ရောင်ပြောင်း
အဝတ်ဟောင်းတို့အောက်က
လှပတဲ့နှလုံးသား၊ ခံ့ညားတဲ့စေတနာ
မာယာမဲ့သတ္တိ
သေချာကြည့်မှ တွေ့လိမ့်မယ်. . .။


ကျေးလက်ရင်သွေး
မျှော်လင့်ချက်တေးဆို၊ ခေတ်ကိုကြိုဖို့
ရှိုက်ငိုးတောင့်တ၊ သက်မသက်ပြင်း
တမ်းချင်းတစ်ဖွဲ့
လာလှည့်ပါ လာခဲ့ပါ. . . ဆရာ. . .။

ခေါင်းလောင်းသံနဲ့ ကျောင်းခန်းဆီ
ဆရာပျိုကို ကြိုနေလေရဲ့. . .။

*(ရန်ကုန်စက်မှုတက္ကသိုလ် နှစ်လည်မဂ္ဂဇင်း ၊ မေလ၊ ၁၉၈၅)*

■






## လွမ်းရင်းခွဲခွာကြပါစို့

နှုတ်မဆက်နဲ့တော့နော်
ပျော်ရွှင်ခြင်းတံခါးပိတ်
အရိပ်အရောင်၊ ကွေ့ရှောင်ရစ်ပတ်
ရပ်တန့်တွေဝေ
မနေ့က နေမင်း
ပန်းခင်းထဲမှာ၊ လမ်းကျဉ်းထဲမှာ
ကဲကွယ်. . . လွမ်းရင်းခွဲခွာကြပါစို့. . .။
နောက်ဆုံးရဲ့ နောက်ဆုံးမို့
အားလုံးကိုပေးဆက်
ချစ်သူ့ရဲ့လက်များ
ခစားဖက်ပွေ့၊ မနေ့တစ်နေ့ကလို
ကြိုတင်မျှော်လင့်ခြင်း
ယုံကြည်ရရင့်ခြင်း
ဟင်းလင်းပြင်မှ၊ ဘဝတံခါး
ညများရှည်ကြာဖူးကြမယ်. . .။

ဖြေသိမ့်စရာ၊ မခက်ပါစေနဲ့
မျက်နှာလဝန်း၊ ရွှန်းမြဖိတ်လက်
တစ်သက်တစ်ကွေ့၊ ရက်နေ့ရာသီ
နာရီတွေပြောင်း
အိပ်မက်ဟောင်းတွေ မက်ကြမယ်. . .။
ဆိုပါတော့ကွယ်. . .
ပန်းရိုင်းခင်းထဲက
စူးရှထုံပျံ့၊ ရနံ့တံတိုင်း
ဒုန်းစိုင်းထိုးဖောက်၊ အဝေးရောက်မည့်လူ. . .။
နှင်းဆီမြစ်မှ
မာနလှိုင်းတံပိုး၊ လျှိုးငုပ်ချေဖျက်
ခရီးဆက်မည့် လှေ. . .။
ဟိုး. . . ရှေ့မှာ
ငါတို့ရဲ့ကမ္ဘာသစ်
အပြာနုကောင်းကင်၊ ရင်ခွင်မတ်မတ်
လတ်ဆတ်မြစ်တစ်စင်း
ပျော်ရွှင်ခြင်းရသ၊ ရချင်မှရမယ်. . .။
လရောင်ဝေဝါး၊ ညမှောင်တွေပြား
အမှားအသစ်၊ ဖြစ်ချင်ဖြစ်မယ်
နှသစ်ဂီတ၊ ချိုမြကာရန်
မနက်ဖြန်မိုးသောက်
တို့. . . ရောက်ချင်ရောက်မယ်. . .။
အချစ်ဦးရယ်
ဘယ်မှာ ငရဲ ဘယ်မှာ နိဗ္ဗာန်
မာန်ကိုချိုးနှက်၊ ပြောမထွက်ဖူး
ဆူးကြောက်နောက်ဆုတ်၊ ခြေလှမ်းရပ်တာ
နှစ်ဦးစလုံးရဲ့ရင်မှာ၊ နာကျင်ကြေကွဲ
ဒီလိုနဲ့ပဲ. . .
ပန်းခင်းထဲမှာ၊ လမ်းကျဉ်းထဲမှာ
ကဲကွယ်. . . လွမ်းရင်းခွဲခွာကြပါစို့. . .။
*(၁၉၈၈ ခုနှစ်)*

■




## နွေညများ

ပိတောက်ပင်အိုပေါ်က
သစ်ရွက်တချို့ကြွေကျလာတယ်
နွေ. . . တဲ့ကွယ် . . .။
နွေကိုမေ့လျော့ခြင်း
(ဒါမှမဟုတ်)
မေ့လျော့ဖို့ ကြိုးစားခြင်းဟာ
သတိရခြင်းကိုသာ ဖြစ်စေပေါ့. . .။
အနက်ရောင်မိုးကောင်းကင်က
ညများရဲ့ လမင်းရေ
ဘဝကို မပျင်းရိစေတဲ့
ပျော်ရွှင်မှုဆိုတာ ရှိခဲ့ရင်
ကျနော့်ရဲ့ ဆန္ဒသစ်ပင်ပေါ် ကြဲဖြန့်
သန့်စင်သော ပန်းကလေးကို နားလည်ဖို့
အိပ်မက်အချို့ စွန့်လွှတ်ပါရစေ. . .။
တိတ်ဆိတ်ခြင်း
သက်ပြင်းချသံမှတစ်ပါး
အခြားသော တုန်ခါမှုမရှိ
သတိရခြင်းရနံ့များသာ
အခန်းကျဉ်းကလေးထဲမှာ ပျံ့နှံ့နေရဲ့. . .။

တစ်ယောက်ရဲ့ ခွင့်လွှတ်မှုများနဲ့
အခြားတစ်ယောက်ရဲ့ မုန်းတီးမှုများ
ကြေကွဲစွာပေါင်းစု
ဘဝကို ပန်းပုထုဆစ်ရင်း
အသက်ရှင်ခြင်းဆိုတာလည်း
သေဆုံးခြင်းတစ်မျိုးပါပဲ. . .။
မျှော်လင့်ချက်ဆိုတာ
မာနကို ဆက်လက်နာကျင်စေတဲ့
နက်ဖြန်ခါရဲ့ လှည့်ဖြားမှု
ဂရုတစိုက်၊ ပြုစုလိုက်ကြ. . .။
ဘဝကို မွန်းကျပ်သူများအတွက်
အိပ်မက်ခါးခါးမက်တဲ့ည
အမှတ်တရ နာကျင်ကြေကွဲ
နွေညထဲက ရင်ခုန်သံ
နံရံတွေပေါ် စွန်းထင်းပေကျံကုန်ပေါ့. . .။
ဘယ်ကိုသွားကြမှာလဲ
ချွေးစက်ရွှဲရွှဲနဲ့ လူတွေ
မျက်နှာပေါ်မှာ အိပ်မက်တွေနဲ့
ပန်းပွင့်ကို ထားရစ်ခဲ့မယ်တဲ့
တဖြည်းဖြည်း ထွက်ပြေးနေတဲ့ အနာဂတ်ရဲ့နောက်
ကောက်ကောက်ပါအောင် လိုက်သွားကြပါရော. . .။
ဒီလိုနဲ့
နွေတစ်ညမကတဲ့ နွေညများစွာက
ငါ့နှလုံးသားထဲမှာ ယစ်မူး
အိပ်မက်ဦးရဲ့ ပန်းတစ်ပွင့်
မနက်ဖြန်ကို တံခါးဖွင့်လိမ့်မယ်. . .။

*(ဧပြီလ၊ ၁၉၈၆)*

■




# မျှော်လင့်ခြင်းသီချင်းတစ်ပုဒ်ရဲ့ ညနေ


(၁)
ကမ်းမထွက်ခင်၊ ဦးထိပ်တင်
အာရုံဝင်စား၊ မြတ်ဘုရားနဲ့
တရားသံဃာ၊ ရတနာ
ဆယ်ဖြာစုံလက်၊ ပူးညွတ်ယှက် . . .။
ကမ်းမထွက်ခင်၊ ဦးထိပ်တင်
ရေငန်ရှင်အဘိုး
ကျနော်မျိုးတို့၊ ရှိကျိုးတောင့်တ
စောင်မတော်မူ၊ ကြည့်ရှုတော်မူ . . .။
(၂)
အိမ်သူနှုတ်ဆက်၊ ကမ်းအထွက်
ရေတက်ရေကျ၊ ရေထရေသေ
ပေဒင်မမေး၊ ကံရွေးမပါ
ကွန်ပျူတာမလို
တံငါအိုလက်၊ လမ်းညွှန်ဘက်
ငါးသိုက်ပွက်ထ၊ ပိုက်တန်းချ
ရေရှုံမှာနနဲ့အပြိုင် . . .။

ပင်လယ်ပြင်ရဲ့ ရာသီရုပ်
မျက်တောင်တစ်လှုပ်၊ တိမ်အုပ်တစ်ရွေ့
ကွေ့ဝိုက်ပြောင်းလဲ၊ ဝဲနဲ့မုန်တိုင်း
လှိုင်းနဲ့ကျောက်ဆောင်
မိုးမှောင်လျှပ်ပြက်၊ ရက်စက်ရိုင်းစိုင်း
အနိုင်မပိုင်းခင်
"အဘိုးရယ်. . . .
ရပ်နိုင်းလိုက်ပါ၊ ရပ်နိုင်းလိုက်ပါ. . . ."
သံစာဆုတောင်း၊ ကံများမကောင်းခဲ့ရင်. . . .။
(၃)
'အို. . . . ငါးကြင်းတွေဆန်
ငါးတန်တွေ သောင်ရေစီးမှာလ
ကိုတင်ငါ လှေယာဉ်စီးပါလို့
ပိုက်ကြီး. . . . ငယ်
ရေ. . . . ချ. . . . လာ. . . .'
. . . . သီချင်းချိုမြ၊ ဆိုမဝ
ညနေကမ်းက၊ အကြိုမတို့
မျှော်ရကျိုးနပ်ပါစေကွယ်. . . ။

*(ရန်ကုန်စက်မှုတက္ကသိုလ်နှစ်လည်မဂ္ဂဇင်း ၊ မေ ၁၉၈၆)*

■








## ကျနော့်ရဲ့
## အပြာရောင်မိုးစက်ပွင့်များ

'မျက်လှည့်ဆရာက
မိုးကိုရွာစေခဲ့တယ်'။
စက်တင်ဘာရယ်
တိတ်ဆိတ်မြက်ခင်းထဲမှာ လူးလွန့်ရှင်သန်နေတဲ့
ဟန်မဆောင်ပန်းပွင့်တချို့လည်း
ကြည်နူးလို့နေရော့မယ်. . .။
ပွဲတော်တွေလည်း ရေစိုကြ
ညနေခင်းတချို့လည်း ဆေးကြောခံရ
မှန်မှန်မရေးဖြစ်တဲ့ ဒိုင်ယာရီထဲက
စိုရွှဲအေးစက်နာရီများအတွက်
အမှတ်တရအိပ်မက်
နှလုံးသားထဲမှာ သိမ်းဖက်ထားမယ်. . .။
လမင်းကိုစွန့်ပစ်၍
ခေတ်ကိုကျော်ခိုင်းပြီး
ခရီးကိုနောက်ဆုတ်ကာ
ကမ္ဘာကို မုန်းကြမယ်တဲ့
ရှုံးနိမ့်သူတချို့ရဲ့ ငိုကြွေးသံ
ကောင်းကင်ယံကို ထိမှန်ကြေကွဲ
ဘဝမှာနေပျော်ရဲခြင်းဖြင့်
လောကကို နားလည်သင့်ရဲ့. . .။

လှေကားပေါ် လှမ်းတက်၍
မိုးကောင်းကင်ကို ပွေ့ဖက်ခြင်းနဲ့
လှေကားမှ လှမ်းဆုတ်
မိမိကိုယ်တိုင်ရဲ့ဘဝကို ကြိုးတုပ်ခြင်းတို့ဟာ
ဝေးသထက်ဝေးကွာသလို
နီးသထက်နီးလာကြ
နှလုံးသားကိုမညာရဘူး. . .။
ဟလို ကောင်းကင်ကြီး
သင့်ရင်ခွင်ကိုတမ်းမက်ရင်း
သင်အကြင်နာကိုတောင့်တရင်း
သင့်သီချင်းသံကိုနာခံရင်း
အသက်ရှူသံတွေကြီးပြင်းခဲ့
အိပ်မက်တွေ အရွယ်ရင့်ခဲ့
ယဉ်ကျေးမှုသံခမောက်နဲ့ လမ်းလျှောက်ခဲ့တာ
ရာသီပေါင်း ၆၉ ခု
ရိုးသားမှုဒီဇိုင်းနဲ့အင်္ကျီ
ပါးလွှာစုတ်ပြတ်၊ ညစ်ပတ်နေပါပြီ. . .။
ချစ်သူရေ
ပန်းတွေလည်း သူ့အဆင်းနဲ့သူဝေကြ
နက်ဖြန်ခါတွေလည်း သနပ်ခါးလိမ်းကြ
မုန်းသူတွေကိုတောင် မေ့နိုင်စွမ်းတဲ့ညတစ်ည
ငါပိုင်ဆိုင်စမ်းပါရစေ. . .။
မျှော်လင့်ချက်တွေကို
ဖန်ခွက်ထဲထည့်သောက်ပစ်လိုက်တယ်. . .။
နောက်တစ်နေ့မနက်
အပြာရောင်မိုးစက်ပွင့်များနဲ့ ကမ္ဘာ
သန့်စင်စွာနိုးထလာဦးတော့မယ်. . .။

*(စံပယ်ဖြူမဂ္ဂဇင်း ၊ ဇွန် ၁၉၈၈)*

■



## တမ်းတခြင်း

မိန်းကလေး . . . ရဲ့
စွန့်ပစ်ခြင်းခံရတဲ့ နှင်းဆီပွင့်ငယ်က
ချေမွမယ့် လက်ချောင်းများကို တမ်းတသလိုမျိုး
ငါ . . . မင်းကိုတမ်းတမိရဲ့ . . . ။
ဟိုး . . . ခပ်ဝေးဝေး နေ့ရက်တွေတုန်းက
ကြေကွဲအေးစက်ဖွယ်မင့်အပြုံးဟာ
ငါ့ အသည်းနှလုံးရဲ့ အနက်ရှိုင်းဆုံး တစ်နေရာအထိ
ထိုးဖောက်ဝင်ရောက်ခဲ့ဖူးတာကို . . . ။
အတိတ်ကို တံခါးပိတ်လိုက်ပ
သတိရခြင်းမှန်သမျှ
မေ့ခြင်းရဲ့ညမှာထားခဲ့ကြ . . . တဲ့
ဘဝနာရီတွေက ပြောနေပါပကော . . . ။

ခွင့်လွှတ်ကြတော့. . .
ညအိပ်မက်ရဲ့ သီချင်းသံတွေမှာ
ရယ်သံဖွဖွ ပါလာတတ်ရဲ့
တိုးသဲ့သဲ့ လေညင်းရဲ့အနမ်းမှာ
ဆံတစ်မျှင်၊ ပန်းတစ်ပွင့်
လွင့်သက်ကြေကွဲ
ငါ. . . ဘယ်လိုမေ့ရမှာလဲ. . .။
စကားလုံးများစွာ ကျန်ရစ်ခဲ့
ရနံ့လိပ်ပြာ နေရစ်ခဲ့
အမှတ်တရကဗျာ ချန်ထားခဲ့
နေသားတကျမရှိသေးတဲ့
မျှော်လင့်ချက်အကြွင်းအကျန်နဲ့မို့ပါ
ငါ. . . ဘယ်လိုမေ့ရမှာလဲ. . .။
အချစ်တွေဆုံးသွားမှာ စိုးလွန်းလို့
အချစ်ဆုံးလို့တောင် မခေါ်ရက်ခဲ့တဲ့
ငါ့ရဲ့မိန်းကလေးရယ်. . .။
ချစ်သူတို့ချစ်ခြင်းမှာ
ဘယ်အရာက ကာဆီးသလဲ
နှလုံးသွေးထဲက၊ လတ်ဆတ်ဆဲအလွမ်း
ခွဲခွာခြင်းခြေလှမ်းများရဲ့ ငိုသံ
ဆန့်ကျင်ဘက်မှာ လေထန်နေကြ
ငါ. . . ဘယ်လိုမေ့ရမှာလဲ . . .။
အို . . .
ကောင်းကင်ကြီးကလည်း
မျက်ရည်ကျလို့ပါလား. . .။

*(ချယ်ရီမင့်ဖြင့်၊ ၁၉၈၈)*

■

## ခွဲခွာခြင်း



ငါတို့တွေ့ဆုံချိန်မှာ
အမြတမ်းပွင့်အာနေကျ
ညနေခင်းလှလှတွေလည်း
အရောင်အသွေးမဲ့ခဲ့ပြီ. . .။

ငါတို့တွေ့ဆုံချိန်မှာ
အမြတမ်းမွှေးမြနေကျ
စံပယ်ပွင့်ဖြူလွလွတွေလည်း
အနံ့အဆင်းမဲ့ခဲ့ပြီ. . .။

ငါတို့တွေ့ဆုံချိန်မှာ
အမြတမ်းတိုက်ခတ်နေကျ
လေပြည်ရဲ့ယုယမှုနဲ့လည်း
ဘဝတစ်ခုခြားခဲ့ပြီ. . .။


ငါတို့တွေ့ဆုံချိန်မှာ
အမြတမ်းနားမလည်နိုင်နေကျ
စိတ်ကူးယဉ်ပီတိရသတွေလည်း
ပြန်မရနိုင်ခြင်းထဲခုန်ဆင်းခဲ့ပြီ. . .။

ငါတို့တွေ့ဆုံချိန်မှာ
နာရီရဲ့လက်တံများကသာ
ငါ့ကိုစိတ်မရှည်စွာနှစ်သိမ့်ကျန်နေခဲ့. . .။

ဘာကြောင့်လဲ
နှလုံးသားကိုငါမေးတယ်
ဘာကြောင့်လဲ. . . ။
မဖြစ်နိုင်ပါဘူးတဲ့
မေ့လိုက်ပါတော့. . . တဲ့
ဘယ်လိုပြောလိုက်တာလဲ
ဘယ်လိုများပြောနိုင်စွမ်းရတာလဲ
ငါတို့နှလုံးသားနက်ရှိုင်းမှုထဲက အချစ်
ငါတို့အသွေးအသားထဲပျော်ဝင်နေတဲ့ အချစ်
ငါတို့အသက်ရှူသံတွေထဲက အချစ်
ဘယ်သူကတားမြစ်သလဲ
ဘယ်သူတွေကတားမြစ်ကြသလဲ
ခွဲခွာခြင်းကို ငါမုန်းတယ်. . . ။
မင်းဆံပင်ရှည်နူးညံ့တွေထဲက ငါ့အချစ်
ငါ့ရင်ခုန်သံပြင်းပြင်းတွေထဲက မင်းအချစ်
ဘယ်သူကတားမြစ်သလဲ
စွန့်ရခြင်းကို ငါမုန်းတယ်. . . ။
မျှော်လင့်ချက်ဟာ
မျက်ရည်စက်တွေကိုသောက်လို့
ကြေကွဲဖို့ ခြေလှမ်းပြင်နေလေရဲ့. . . ။

*(စံပယ်ဖြူ မဂ္ဂဇင်း၊ ၁၉၈၆)*

■






## တောက်ပမှု(နွေဦး)


အရင်ကလိုပါပဲ
သစ်ပင်တွေ သစ်ရိုပ်မြိုက်ကွဲ
နေက ပက်ကြားအက်တွေကို အားဖြည့်
ကတ္တရာလမ်းမတွေ ပျော်ကျ
မြင်တွေ့ရသမျှ အရာဝတ္ထုတိုင်းက
မီးတောက်ကို စားသောက်ထားကြသလိုမျိုး. . .။
လရောင်ကို ခိုးယူလို့
ဘဝအတွက် စိုက်ပျိုးချင်သူတွေတောင်
တံလှပ်တောမှာ ရေရှာကြ
သရက်ပွင့်တို့ အခါအခွင့်သင့်ကြ. . .။

စားပွဲထက်က ဖုန်မှုန့်တွေဟာ
အပြင်ဘက်က အမှိုက်သရိုက်တွေဆီ
ပြေးသွားပူးပေါင်းလိုက်ကြတယ်. . .။
ခပ်တည်တည် မှုန်ကုပ်ကုပ်နဲ့
စိတ်ရှုပ်စရာကောင်းလှတဲ့ လေကို
အခန်းကျဉ်းထဲမှာ သော့ခတ်ထားလိုက်တယ်. . .။
ကဲ . . . နှုတ်ဆက်ခဲ့ပြီ. . . တဲ့
နှင်းစက်တွေက မြက်ခင်းပြင်ထဲ ပြန်ဝင်သွား
နေ့ခင်းကြောင်တောင်မှာ
ခြင်တစ်ကောင်က သားကောင်ကိုရှာတွေ့
ရေဘုံပိုင်အပျက်ထဲက
သံချေးတက် ချွေးစက်တွေထွက်အလာ
နွေဦး. . . ဟာ
လူတွေ မေ့လျော့မသွားခင်
ပြန်လည် ရောက်ရှိလာ တော့တယ်. . .။

*('အထက်တန်းကျတဲ့ရေနဲ့ နွေဦး' ကဗျာမဂ္ဂဇင်း ၊ ၁၉၈၆)*

■





## ပွင့်ခြင်းညနေ

ကမ္ဘာကို ချမ်းမြေ့စေမတဲ့
နှင်းတစ်စက်ရဲ့ ကြွေးကြော်သံ
ချစ်သူခြံမှာ ပဲ့တင်ထပ်
လောကနတ်တံခါးဖွင့်ပြီ. . .။

ပန်းတစ်ဖူးအတွက်
နှင်းတစ်စက်မက ဝေစုရမယ်. . .။


ချိုမြအေးစက် နှင်းအသက်ကို
ရက်ယှယ်ပေါင်းကူး ပန်းတစ်ဖူးမှ
ပွင့်ဘဝပိုင် ဝင့်ဟနိုင်မယ်. . .။

နှင်းပိုင်သမျှ မာနငွေ့သက်
ပွင့်ခက်တွေပေါ် အရည်ပျော်ကျ
ပန်းတို့ပိုပြီးလှလာမယ်. . .။

သည်လိုနှင့်
အဖျိုပေါက်ပန်းပွင့်တို့
နှင်းဖြင့်လိမ်းကျံ သီချင်းညံစာ
နေရောင်မလာခင်. . .။

ကမ္ဘာကိုမွှေးထွေစေမတဲ့
အရိပ်တို့ရဲ့ ဖန်ဆင်းရှင်
သူ့ဆံမျှင်မှ အလင်းစတို့
ကြချချည်နှောင် ပန်းပွင့်ရောင်စုံ. . .။
နှင်းတို့ပြန်ကြပြီ
နေခြည်ပွေ့ဖက် ပန်းပွင့်ရွက်သစ်
ခက်လက်ညွှတ်ပြောင်း ကောင်းကင်ကျွန်းမာ. . .။

အို. . . သူအလှဆုံးပါပဲ
သူလည်းလှရဲ့ သူလည်းချောရဲ့
သူလည်းသန့်ရဲ့ သူလည်းခံ့ရဲ့
ငါတို့အားလုံးလှကြတယ်" တဲ့
ပန်းတို့ရဲ့အလှဗေဒ
ပန်းဘာသာနဲ့ ချီးမွမ်းကြ
ဝမ်းသာအားရ ပန်းတို့ကခုန်. . .။




အလှမာန်တက်ကောင်းတုန်း
လက်ချောင်းတချို့ရဲ့အမုန်း
ရှုန်းမလွှတ် ပုန်းမလွှတ်
ရှုံးညွှတ်နိမ့်ကျ မာနပန်းပွင့်
ချူးဖြတ်ခြင်းဖြင့် သခင့်အတွက် အဖြည့်ခံ
ဆံစထက်ရောက်ရောက်
ခေါင်းအုံးအောက်ကြေကြေ
ခြွေသူက ခြွေသူပါပဲ. . . ။

ညနေခင်းဟာ
တိတ်ဆိတ်ခြင်းနဲ့ ကြေကွဲခြင်းကိုဖွဲ့
ချစ်ခြင်းနဲ့ အကြွင်းမဲ့ပူဇော်
မျှော်စင်ပေါ်က သံတေးသီချင်း
မုသာဝါဒ ကင်းပါစကွယ်. . . . ။

(၁၉၈၆)

■





## သတိရခြင်းများမှ တစ်ဆင့်


သတိရခြင်းတွေဟာ
ငါသောက်တဲ့ လက်ဖက်ရည်ခွက်ထဲမှာရှိတယ်။
တစ်ခါတစ်ခါ
ဘာလုပ်လုပ် အဆင်မပြေတတ်သူရဲ့စိတ်ညစ်မှုမျိုး
ငါ့ကိုမှ ညှိုးရက်တယ်။
မေ့မရဘူးဆိုရင်လည်း
ငါပိုတယ် မင်းထင်မယ်။
ငါ့ကို မယုံကြည်သူလေးရဲ့
အေးစက်စက် ကောင်းကင်ပေါ်က လနဲ့
ငါချစ်တဲ့ ညတွေက
ငါ့ကို အိပ်မက် ပေးမတဲ့
သည်မျှနဲ့ ကျေနပ်ခဲ့ရသူပါ. . .။
ထာဝရ. . . တဲ့
ငါချစ်တဲ့ နှင်းဆီ တစ်ပွင့်
ကြမ္မာဒဏ်သင့် ကြွေလွင့်ခဲ့ရချိန်မှာ

ဟိုး. . . တိမ်မွေ့ရာပေါ် ကငှက်
နာကျင်ခံခက် သွေးပျက်သောဂီတ
အတောင်ပံ မာနနဲ့ နှလုံးသား
ကြေမွပျက်စီးခဲ့ရချိန်မှာ
ထာဝရကို ငါမုန်းတယ်. . .။
တံခါးခေါက်သံ ထင်ရဲ့
ဝင်ခဲ့ကြပေါ့. . .
ငါ့ရှေ့က နေ့ညတွေအတွက်
မသိတတ်တဲ့ မျက်လုံးစိမ်းတွေအတွက်
မယုံကြည်ရဲတဲ့ မျှော်လင့်ချက်တွေအတွက်
ပတ္တာတံခါးဖျက် ဝင်ခဲ့ကြ. . .။
ကြည့်ကြ
ဘဝရဲ့ အဆိပ်သစ်သီး
ငါ ကိုက်မြည်းလိုက်စမ်းမယ်. . .။
မသေချာခြင်းတွေသာ
ငါ့ဘက်မှာ ရှိနေပေါ့။
နှိုးသားမှုတစ်ခုနဲ့
မင်းကို ငါ ချစ်ခဲ့
ဘဝကို ငါ မြတ်နိုးခဲ့
ဟိုး. . . အနန္တကောင်းကင်မှာ
အစက်အပြောက်တစ်ခုက အရာမထင်သလိုမျိုး
မှားယွင်းမှုများစွာနဲ့
ပင်လယ်ကို ငါ ဖြတ်ကူးမယ်
အားလုံးကို စွန့်လွှတ်ရရင်တောင်မှ
သတိရခြင်းကို ငါ ပိုင်တယ်
ယုံကွယ်. . .။



*(စံပယ်ဖြူမဂ္ဂဇင်း၊ ဖေဖော်ဝါရီ ၁၉၈၇)*

■



# နာရီ

. . . . တစ်မှ တစ်ဆယ့်နှစ်အထိ
တိကျပြတ်သားတဲ့ ဂဏန်းများ.
ပါးလှုပ်လှုပ် မှန်မျက်နှာပြင်
ရင်ခုန်စက်သံတချက်ချက်
လက်တံတို့ရှည်သုံးချောင်း
စုပေါင်းဖွဲ့စည်းမှုဟာ
နာရီရဲ့ရုပ်တုဖြစ်ရဲ့။

. . . . နာရီ . . . . ဟာ
ကမ္ဘာ၊ နေ၊ လ
နေ့ည၊ သတ္တဝါ
ရုပ်ခန္ဓာ၊ ဒြပ်ထု၊ ဥတုရာသီ
ပထဝီမြေကြီး၊ ကံခရီးသွား
တို့များအားလုံးအတွက်
ရက်စက်တဲ့ ရင့်ရော်ခြင်း
ထက်မြက်တဲ့ နှိုးဆော်ခြင်း
ယိုယွင်းမှုနိမိတ်အို
အချိန်ကို ကိုယ်စားပြုနေရဲ့. . .။

. . . . နာရီလက်တံ
ချိန်မှန်လည်ပတ်
ရပ်တန့်မနား၊ ခရီးသွားရင်း
လူသားကိုဝါးမျို စိညာဉ်ကိုနိုးဝှက်
တို့အတွက်
မနက်ဖြန်ဟာ၊ မရေရာပါဘူး. . . .။

. . . . မွေးဖွားခြင်း
သေဆုံးခြင်း
ယင်း မှတ်တိုင်နှစ်ခုအကြား
ကျော်လွှားဖြတ်သန်း၊ ခရီးပန်းလည်း
ရဲတဲ့ 'ယောနသန်'
စံပြုကိုးစား၊ နှလုံးသားမှာ. . .။


. . . . အမှည့်လွန်ချိန်
ရွက်ကြွေချိန်
အိမ်တံခါးတို့ပိတ်ချိန်
ကြိမ်ဖန်များစွာ၊ ဥပေက္ခာပြု
မာန်ဖြင့်တုလည်း
နှောင်းရဲရက်များ၊ ဝံ့စားလာရောက်
နာရီနောက်မကျတတ်ပါ. . . .။
. . . . ကွေးသောလက်မဆန့်ခင်
ဆန့်သောလက်မကွေးခင်. . . တဲ့
သခါရတရား၊ အားလုံးအတွက်
မှန်ကန်လျက်ပါပဲ
မကြိုရဲတဲ့ နောက်ဆုံးအချိန်
အိမ်ရှေ့တံခါးပေါက်
ခြေရာခြောက်လှန့်၊ မကြောက်တတ်ခင်
ပန်းတစ်ပွင့်ကိုတော့ပိုင်ချင်ရဲ့. . .။


. . . . အထီးကျန်မလေ့
အကျည်းတန်နေ့များ
ချန်ထားခဲ့ကြ
ဘဝလှေကား၊ ညတွေခါးသက်
မားထက်ထက်ကိုကိုင်
သံတိုင်ကိုခုတ်ဖြတ်
လည်ပတ်ဆဲလက်တံကို
ပြောင်းပြန်လှည့်နိုင်တဲ့ ခွန်အား
သင့်မှာများရှိခဲ့ရင် . . . ။

. . . နာရီ . . . ဟာ
ဒဏ်ရာမဟုတ်၊ ကံကြမ္မာမဟုတ်
ဘဝရဲ့ အတ္တုပ္ပတ္တိ ဖြစ်တယ် . . . ။

*(ရန်ကုန်စက်မှုတက္ကသိုလ် နှစ်လည်မဂ္ဂဇင်း ၊ ၁၉၈၇)*

■





# ငှက်တစ်ကောင်နှင့်ပန်းတစ်ပွင့်အကြောင်း

(၁)
စိတ်ကူးထဲမှာ တွေးမြင်လိုက်ကြ
'တောလမ်းမကျယ်ကျယ် နံဘေးက
ပန်းခြံလှလှနဲ့ အိမ်ကြီးတစ်ဆောင်
နှင်းဆီရောင် နေလုံးနဲ့
ရနံ့ချိုတဲ့ လေပြည်နု
ကုန်ဆုံးတော့မည့် နွေဥတု'
အခုပြောပြမည့်
ငှက်တစ်ကောင်နဲ့ ပန်းတစ်ပွင့်အကြောင်း
သူတို့ ကောင်းကောင်းသိကြတာပေါ့. . .။
(၂)
နေ့ပေါင်းများစွာထဲက
တနင်္လာနေ့တစ်နေ့ဟာ
ပန်းကလေးရဲ့ မွေးနေ့ပ. . .။


သူဟာ
အဖွားအငုံ့ဘဝနဲ့ စခဲ့ရာက
နွေရာသီရဲ့ နေရောင်အောက်မှာ
တစ်နာရီထက် တစ်နာရီ
ပိုလို့ကြီးထွားပြီသခဲ့
သင့်တန်တဲ့အလှနဲ့ ပြည့်စုံခဲ့
အရွယ်ရောက်ခဲ့ပေါ့. . .။
သာမညပန်းကလေးပါပဲ
မရဲတရဲအကြည့်မျက်ဝန်းက
ဂန္ဓမာ၊ ယုဇန
သစ်ခွ၊ စိန်ခြယ်
ပန်းပင်လယ်မှာ အရှိန်အဝါမဲ့
ပန်းကလေး ညှိုးသိမ်ရှာရဲ့။
သူ့ဘဝနဲ့သူပျော်တတ်ပါတယ်
နေမင်းရဲ့ အလင်းရောင်ဝါကို မော့ကြည့်လိုက်
ချိုသာနူးညံ့သံစဉ်နဲ့
မိုးဆွေငှက်ရဲ့ တေးသံကို နားထောင်လိုက်နဲ့ပေါ့. . .။
ကလေးတွေက
ကျောင်းမှာစာသင်ကြသလို
ပန်းကလေးကလည်း စာသင်သတဲ့
ညာတံစိမ်းစိမ်းကလေးပေါ်ထိုင်လို့. . .။
နေမင်းကြီးနဲ့
ပတ်ဝန်းကျင်က အရာဝတ္ထုများက
သူ့ရဲ့ ဆရာသမားတွေပေါ့. . .။
သူသင်ရတဲ့ ဘာသာရပ်က
အဖဘုရားသခင်ရဲ့
မဟာကရုဏာတော်အကြောင်းပေါ့. . .။

(၃)
မိုးစွေငှက်ကလေးကလည်း
လောကကြီး သာယာလှပတဲ့အကြောင်း
သီချင်းကောင်းကောင်းဆိုပြသတဲ့ ။
ပြီး. . . စကားမတတ်တဲ့ ပန်းကလေးအတွက်
ပန်းရင်ထဲက အိပ်မက်တွေကို
သီချင်းဖွဲ့ဆိုပေးသတဲ့ . . .။
အို
မြင်လည်းမြင်ခွင့်ရ
ကြားလည်းကြားခွင့်ရ
နေမင်းကြီးကလည်း. . . သာ. . လို့
လေပြည်ကလည်း. . . သင်း. . . လို့
ပျော်စရာအပေါင်းတို့ရဲ့ ကမ္ဘာမှာ
ပန်းကလေး ပျော်ပါတယ်. . .။




အနောက်ဘက်မှာ နေဝင်ပြီ
အိပ်ခြင်းရဲ့ နာရီတံခါးအဖွင့်
အိပ်မက်က ကြိုလင့်ပေါ့. . .။
ပန်းကလေးဟာ
ပွင့်ချပ်ပွင့်လွှာကလေးတွေကိုပိတ်
တိုးတိုးတိတ်တိတ်အိပ်ပါလေရော
ညအိပ်မက်ထဲမတော့
နေမင်းကြီးရဲ့အကြောင်း
မိုးစွေငှက်ရဲ့ တေးသံအကြောင်း
ပျော်စရာကောင်းလှတဲ့ ကမ္ဘာကြီးအကြောင်းတွေ. . . ပေါ့. . .။
(၄)
နောက်တစ်နေ့မနက်
ထုံးစံမပျက်
နေကလည်း မပျက်မကွက်သာလို့
ငှက်ကလေးကလည်း တေးဆိုလို့. . .။

ဒါပေမည့်ကွယ်
တေးသံဟာ လွမ်းဆွေးကြေကွဲဖွယ်
ငိုညည်းနာကြည်းဖွယ်ပ
လှောင်ချိုင့်ထဲရောက်နေမှတော့
လွတ်လပ်ခြင်းတံခါး၀
ငှက်ကလေးအတွက်ပိတ်ထားကြ
ဒါ. . . လူတို့ရဲ့ ချမ်းခြင်းတရားတဲ့လား. . .။
တစ်ချိန်တုန်းက
ကမ္ဘာအနှံ့၊ တောင်ပံဆန့်ခဲ့တဲ့အကြောင်း
အစိမ်းရောင်လယ်ကွင်းကျယ်ထဲ
လွတ်လပ်ပျံ၀ဲခဲ့တဲ့အကြောင်း
ပြန်ပြောင်းတသ၊ ငိုကျွေးရပေ့ါ. . .။
လှောင်ချိုင့်ထဲက ငှက်ကလေးကို
မကူညီနိုင်တာတွေးလို့
ပန်းကလေးလည်း ၀မ်းနည်းရ
တုန်လှုပ်ချောက်ချားရ
ကမ္ဘာလောကရဲ့ အလှကိုတောင်. . . မေ့ပေ့ါ. . .။
ကံမကုန်လို့ ဆိုရမလား
ငှက်ဖမ်းသမားတွေက
ပန်းကလေးနေတဲ့ မြက်တစ်ဆုပ်ကို
ပန်းကလေးနဲ့အတူ တူးဆွယူပြီး
ငှက်ကလေးရဲ့ အနီးအနားမှာ
ချထားပေးပြန်ပါရော. . .။
လှောင်ချိုင့်တစ်ခုထဲမှာ
အလွမ်းကဗျာတစ်ပုဒ်ရဲ့ အခန်းဆက်
မိတ်ဆွေငှက်နဲ့ မိတ်ဆွေပန်း
ဘ၀ရဲ့ ဆန်းကြယ်ရက်စက်မှုအကြောင်း
သူတို့ကောင်းကောင်းသိကြပေ့ါ. . .။



(၅)
ငှက်ဖမ်းသမားတို့ရဲ့ ဆန္ဒ
လှောင်ချိုင့်ထဲက ငှက်ကို
အလှကြည့်ရုံဖြစ်ပါတယ်. . .။
သူတို့က
ငှက်ကလေးပိုင်တဲ့ ကမ္ဘာလောကကြီးအစား
ပန်းကလေးနဲ့ မြက်တစ်ဆုပ်ကိုသာပေးတယ်
ရေတစ်စက်ပေးဖို့ သတိမရကြဘူး. . .။
ရေငတ်လာတဲ့ ငှက်ကလေးဟာ
လည်ချောင်းပူတာ သက်သာမလားလို့
မြက်ခင်းအေးအေးကို နှုတ်သီးနဲ့ထိုးဆိတ်ရင်း
ပန်းကလေးကို မြင်လိုက်ရတော့မှ
သူ ဘယ်လောက် ဆုံးရှုံးခဲ့ရပြီလဲဆိုတာ
ပိုပြီး နားလည်ခံစားရတယ်. . .။
ဝမ်းနည်းကြေကွဲမှုတွေနဲ့
နစ်မွန်းနေတဲ့ ပန်းကလေးဟာ
အစွမ်းကုန်သင်းပျံ့တဲ့ ရနံ့နဲ့
ငှက်ကလေးကို ဖြေသိမ့်ဖို့ ကြိုးစားပါရဲ့
ဒါပေမည့်လည်း. . .။
ငှက်ကလေးရဲ့
နောက်ဆုံး တောင်ပံခတ်သံဟာ
ကြေကွဲစွာ တိတ်ဆိတ်ပဲ့တင်ကျန်ရစ်. . . ။
(၆)
ငှက်ဖမ်းသမားတို့ ငိုနေကြပေါ့
သူတို့ရဲ့ အလှကြည့်ငှက်ကလေး
လှောင်ချိုင့်ထဲမှာ သေဆုံးသွားလို့. . . တဲ့ . . .။
ငှက်ကလေးကို မြှုပ်နှံဖို့
သူတို့ ပြင်ကြတယ်. . .။

မြေကြီးမှာ ကျင်းငယ်တစ်ခုတူး
ပန်းပွင့်၊ သစ်ရွက်တွေခင်း
ငှက်ကလေးကို သေတ္တာနီလေးထဲထည့်
ခမ်းခမ်းနားနား သင်္ဂြိုဟ်ကြမယ်တဲ့လေ. . .။
ပန်းကလေးနဲ့ မြက်တစ်ဆုပ်ကိုတော့
ဖုန်ထနေတဲ့ လမ်းမပေါ်ကို
လွှင့်ပစ်လိုက်ကြလေရဲ့. . .။




(၇)
ငှက်ကလေး အသက်ရှင်နေတုန်းက
တေးသံတွေ ပျံ့လွင့်တုန်ခါနေတုန်းက
သူတို့ မေ့နေကြတယ်. . .။
ငှက်ကလေးရဲ့ လွတ်လပ်ပျံသန်းခွင့်
ပျော်ရွှင်သီချင်းဆိုခွင့်
သူတို့အတင်းဖျက်ကြတယ်. . .။
လှောင်အိမ်ထဲထည့်ချုပ်နှောင်လို့
အလှကြည့်ဖို့ဆန္ဒတစ်ခုနဲ့
ငှက်ကလေးကို ဒုက္ခရောက်စေခဲ့တယ်. . .။
ငှက်ကလေး သေဆုံးတော့မှ
မျက်ရည်တရွှဲရွှဲနဲ့ ငိုပွဲဆင်ကြ
ကြေကွဲကြ
ခမ်းခမ်းနားနား ဂုဏ်ပြုကြမတဲ့. . .။
ငှက်ကလေးအတွက်
စိုးရိမ်သောကတွေ ပွေ့ဖက်ခဲ့ရတဲ့
ကြေကွဲမှုကို မျှဝေခံစားခဲ့တဲ့
အကူအညီပေးဖို့ အစွမ်းရှိသမျှ ကြိုးစားခဲ့ရှာတဲ့
သာမည ပန်းပွင့်ကလေးကိုတော့
ဘယ်သူကမှ သတိမရကြတော့ပါဘူး ။

(ဒိန်းမတ်ပုံပြင်ဆရာကြီး Hans Christian Andersen ၏
The Daisy ကို ခံစားခြင်း)

*(စံပယ်ဖြူမဂ္ဂဇင်း၊ ၁၉၈၇)*

■



## ထာဝရနှင်းဆီ

ခွင့်လွှတ်ပါလေ
ကြေကွဲမှုန်းကျုပ်၊ အလွမ်းဇာတ်ထဲ
လက်တွဲမခေါ်၊ မပျော်ရက်ဘူး
ပန်းဦးသန့်သန့် ဝေပါစေကွယ်. . .။

အမြေမဲ့စွာ၊ ဒဏ်ရာထွေးပွေ့
အောက်မေ့တတ်ခြင်း
နက်ရှိုင်းထွင်းဖောက်
မရောက်နိုင်သော၊ ပန်းတို့တောဟာ
ဟိုးမှာ အဝေး၊ ဝေးရင်း. . . ဝေးရင်း. . .။

ချစ်ခြင်းမေတ္တာ
ကဗျာလိုလှ၊ ပန်းလိုလှရဲ့
ဘဝနဲ့ရင်း၊ ပူလောင်ခြင်းမှ
ရယူရန်ထက်၊ စွန့်လွှတ်ရက်တာ
အချစ်. . ပါဆို၊ မင်းငိုမယ်လား. . .။

နှလုံးသားမှ
ထာဝရ နှင်းဆီရယ်. . . .။

အငိုလွယ်သော၊ အိပ်မက်တောမှ
အိပ်ပျက်ညများ၊ ချန်ထားရစ်ခဲ့
ရှေ့ဆက်မယ့်လမ်း၊ နှင်းဆီပန်းဦး
ဆူးခက်ခြံရံ၊ ရှင်သန်ရှုန်းထ
ဘဝမှတ်တိုင်၊ ကြံ့ကြံ့ခိုင်စေ
မျှော်လင့်နေမယ်. . . .။

*(၁၉၈၇)*

■




## ညစာ

အိပ်တန်းပြန်ငှက်တောင်ပံခတ်
ညကို နေ့က တာဝန်အပ်ပြီ
ကမ္ဘာ့နာရီကို စောင့်ရှောက်ဖို့. . .။

ညနေခင်းရေ
နေဝါရောင်လက်တံရှည်နဲ့
သီချင်းဆိုတဲ့ လေပြည်ညင်း
အရိပ်မည်းအိုင်ထဲ မဆင်းသက်ခင်
ပန်းရင်ပြင်ကို ဘောင်မခတ်
ခေတ္တလွတ်လပ်နေပါစေ. . .။

အသက်ရှူကြ
လမ်းလျှောက်ကြ
အေးမြတဲ့လေမှာမွေ့ကြ
သခ်ါရကို ပမာမခန့်
မိမိအားအင်သန့်စင်ပါစေ. . .။

ညစာစားပြီးပြီလား
ညစာစားတော့မှာလား
ဘုရားသခင်ရဲ့ တရားမေ့
'ရှိတာလေးနဲ့ရောင့်ရဲကြ
ရနိုင်သမျှတင်းတိမ်ကြ'တဲ့
ကျေနပ်ပါစ မိတ်ဆွေ. . .။

စားသောက်ပြီးတဲ့နောက်
ပြည့်ဝခြင်းခြေထောက်များနဲ့
ကောင်းကင်အောက်မှာ လမ်းလျှောက်ပါ
ပျောက်ကွယ်ခါနီး
နေ့ခရီးကိုနှုတ်ဆက်ပါ
အသက်ရှည်ရာ အနာမဲ့ကြောင်း
ဘုရားသခင်ထံဆုတောင်းပါ
ရာသီဥတုချိုချိုနဲ့
အချစ်သီချင်းဆိုတဲ့ မိုးတိမ်
အရုပ်အိမ်မှာ သင်ပျော်ပါစေ။

အို . . . ကြည့်စမ်းပ
မာနမျှဉ်းဖြောင့်တစ်ကြောင်း
လူတစ်စုရဲ့ ခေါင်းပေါ်မှာ
နာရီကိုမကြည့်
ရာသီအိုမရှိ
ဘဝကိုသိနားလည်စွာပွေ့ဖက်
လောကရဲ့အရှက်နဲ့
ခက်ခဲတဲ့ တရားကိုတွေး
ကဗျာရေးဖွဲ့တဲ့အခါ
အလက်ာတချို့
အကြင်နာတချို့
မျှော်လင့်ခြင်းတချို့
ကြေကွဲခြင်းတချို့
ဒါ . . . သူတို့အဖို့ ညစာပေ့ါ။



*('ဧရာဝတီရဲ့ နှင်းဆီတိမ်' ကဗျာစာအုပ်၊
ရန်ကုန်စက်မှုတက္ကသိုလ်၊ ၁၉၈၇)
(ပေဖူးလွှာမဂ္ဂဇင်း၊ ၁၉၉၀)*

■




## အပြာရောင်မိုးကောင်းကင်သို့အလွမ်း

သစ်ရွက်ကြွေတွေကလည်း
မြောက်ပြန်လေရဲ့ စီးကြောင်းနဲ့အတူ
ရွေ့တူရူလမ်းဖွင့်
မျောပါဝေးလွင့်သွားကြပြန်ပါပြီ။
ဒီကနေ့ဟာ
သားရဲ့နှစ်ဆယ့်သုံးနှစ်ပြည့်မွေးနေ့ပ။
ပြတင်းဝကလှမ်းမြင်ရတဲ့
ပြာလဲ့လဲ့ကောင်းကင်မှာ
ရင်ခုန်သံများစွာရဲ့ ကဗျာအသစ်
သားမျက်နှာလေးဖြစ်နေပေါ့။
သတိရတယ် သားရယ်
ဆန္ဒရဲ့ကျယ်ပြန့်တဲ့နယ်ပယ်မှာ
နာရီတွေဟာ ကျိန်စာသင့်ခဲ့
ကံကြမ္မာအကျိုလည်း အရောင်လွင့်ပြယ်ခဲ့
လူနာအိုကြီးတစ်ယောက်ရဲ့
ကြေကွဲတမ်းတသံဟာ
အောက်မေ့ခြင်းကို အကျည်းတန်စေမလား။

စာကြိုးစားပါ သားရယ်
ခေတ်မီသိပ္ပံပညာရပ်တွေနဲ့
ဘဝရဲ့ ဘာသာဗေဒ
နားလည်ခွင့်ရှိချိန်မှာ
မာနဖြင့်လိမ္မာကျက်မှတ်
'မြတ်နိုးခြင်းကိုဆုံးရှုံးရဲရမယ်
အမုန်းရုပ်တု ထုဆစ်ရဲရမယ်'
လောကကြီးက ကျယ်ပြန့်တယ် . . သား။
ဟောဒီဆေးရုံခုတင်ထက်က
ဘဝကိုချစ်တတ်တဲ့ မျက်ဝန်းတစ်စုံမှာ
မျက်ရည်များစွာ စိမ့်အန်ယိုစီးခဲ့
အဝေးကျောင်းက . . သားရဲ့
လက်ဆောင်မဲ့မွေးနေ့များအတွက်
ကျနော့် အိပ်မက်တွေနာကျင်နေပေါ့။
အို . . . . ဒီလိုနဲ့
နုပျိုရှင်သန်ဆဲပန်းကလေးတစ်ပွင့်ဟာ
သူ့ရဲ့မွေးနေ့ပေါင်းများစွာကို
အမှတ်တမဲ့ကျော်လွန်ဖြတ်သန်း
ကျနော့်ရဲ့
သတိတရ အလွမ်းတွေကြောင့်
ပန်းကလေး နွမ်းမှာစိုးမိပါရဲ့။
ဟောဟိုမှာ
ဆရာဝန်ငယ်လေးတစ်ယောက်
လွင့်ပျောက်သွားတဲ့ပန်းတစ်ပွင့်ကို
တမ်းတခြင်းတွေနဲ့

လူနာတွေဆီလာနေရဲ့
ကျနော့် ခုတင်ဆီရောက်တဲ့အခါ
'နေကောင်းပါတယ်ဆရာ
ကျနော့် မှာလေ
ဆရာဝန်လေးနဲ့ရွယ်တူလောက်
ပညာသင်ဆဲသားတစ်ယောက်ရှိရဲ့
ဒီကနေ့ဟာသားရဲ့
နှစ်ဆယ့်သုံးနှစ်ပြည့် မွေးနေ့ပဲဗျ' လို့. . .
အားပါးတရ ပြောရဦးမယ်။
မွေးနေ့မှာ
စိတ်ဓာတ်၊ ကိုယ်ခန္ဓာနဲ့ နှလုံးသား
ကျန်းမာမြင့်မြတ်
အနာဂတ်ကို ချစ်တတ်စေကွယ်။

*(မဟေသီမဂ္ဂဇင်း ၊ ၁၉၈၇)*





## သမုဒ္ဒရာ

(၁)
သူ့ရင်ခွင်ထဲမှာ
ကမ္ဘာကြီးတစ်ခုလုံး ရှိသတဲ့
သမုဒ္ဒရာက ဆိုတယ်။
(၂)
လှိုင်းရယ် လေရယ်
မုန်တိုင်းနဲ့ မိုးကောင်းကင်ရယ်
အသက်ရှင်လိုစိတ်နဲ့ တိတ်ဆိတ်ခြင်းရယ်
ပေါင်းစုဖွဲ့စည်းလိုက်တဲ့အခါ
သမုဒ္ဒရာ ဖြစ်လာတယ်
ရေနဲ့ကျယ်ပြန့် နက်ရှိုင်းခြင်းကတော့
မပါမဖြစ် ပါသပေါ့။

ပြီးတော့
ပဲ့တင်သံ အထောင်အသောင်းနဲ့
နွမ်းဟောင်း ပန်းချီကားတစ်ချပ်လည်း
အစွဲအလမ်းကြီးမှုများနဲ့ နစ်မြုပ်
သမုဒ္ဒရာအောက်မှာ အိပ်စက်နေရဲ့။

ပြီးတော့
အကုသိုလ်အတွက် ပက်ဆိုးဒင့်သွားတိုက်ဆေးရယ်
အိပ်မက်အတွက် မျက်နှာသုတ်ပဝါရယ်
အလိုမပြည့်ခြင်းရဲ့ ရေမြှုပ်ပူဖောင်းတွေရယ်
သမုဒ္ဒရာထဲမှာရှိတယ်။

ဒေါသအတွက် ကြမ်းတမ်းမှုတွေရှိတယ်
အကြင်နာအတွက် နူးညံ့မှုတွေ ရှိတယ်
အိမ်မြေနဲ့ အချိန်အခါလည်း ရှိတယ်
တောင့်တခြင်းနဲ့
ပေးဆပ်နိုင်ခွင့်လည်းရှိတယ်။
ဒါပြင် ယင်မနားတဲ့ ရိုးသားမှုတွေ ရှိတယ်
ဘယ်သူမှမသိတဲ့ ရှာဖွေတွေ့ရှိမှုတွေရှိတယ်
ကိုယ့်ကိုယ်ကိုယ် မပိုင်တဲ့ စိုးရိမ်သောကတွေရှိတယ်
မနိုင်၍ သည်းခံရခြင်းများလည်းရှိတယ်။
ငှက်တွေတောင် ပျံနေရင်း လမ်းပျောက်တတ်တဲ့
ခပ်နွမ်းနွမ်း ကောင်းကင်ကြီးအောက်က
မြေသားထု ပလက်ဖောင်းပေါ်မှာ
ကျနော်တို့ မပြည့်ဝနိုင်တဲ့ အလိုဆန္ဒမှန်သမျှ
သမုဒ္ဒရာထဲမှာရှိတယ်။
(၃)
ငါ့အတွက်တော့ သမုဒ္ဒရာဆိုတာ
မသောက်ကောင်းတဲ့ ရေတခွက်မျှသာဖြစ်ရဲ့။

*(မိုးဝေမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၈၈)*



■



## ရဲရင့်မှု

ရယ်စရာကောင်းလှတယ်
ငါတို့ရဲ့
မြင့်မြတ်စင်ကြယ်တဲ့
'သမဂ္ဂ' အဆောက်အအုံကို
လူသတ်သမားရဲ့လက်က
အုတ်မြစ်ချပေးချင်သတဲ့
ယဉ်ကျေးသယောင်
ဟန်ဆောင်စကားလုံးများ
စက်ဆုပ်စရာကောင်းလှတယ်။

ရာဇဝင်ကို
မင်နဲ့ဖျက်လို့မပျက်နိုင်ဘူး
အဓိပတိလမ်းမကြီးပေါ်မှာ
သွေးစက်တွေနေရာအနှံ့

*

ငါတို့ရဲဘော်တွေရဲ့ ဝိညာဉ်တွေဟာ
သမဂ္ဂမြက်ခင်းပြင်ထဲမှာ
သစ်ပုတ်ပင်ကြီးပေါ်မှာ
ဘွဲ့နှင်းသဘင်ခန်းမထဲမှာ
တောင်ငူဆောင်ရှေ့မှာ
ငါတို့ရဲ့တိုက်ပွဲများစွာကိုဂုဏ်ပြု
ကြည်နူးမှုအထောင်အသောင်းနဲ့
နှင်းဆီပန်းတွေ ကောင်းကောင်းပွင့်ကြတယ်။

ကုံ့ကော်ရွက်တွေပေါ်မှာရေးကြ
ကတ္တရာလမ်းမမှာရေးကြ
အဆောင်နံရံမှာရေးကြ
ငါတို့ 'ကျောင်းသားများသမဂ္ဂ'
တို့ဘဝရဲ့ အလှပဆုံးသော အိပ်မက်
သွေးစက်တွေ စွန်းကွက်လို့
အိပ်မက်ထဲကထွက်ခဲ့ပြီ
အိပ်မက်ဟာ တကယ်ဖြစ်ခဲ့ပြီပဲ။

*(၂၈ စက်တင်ဘာ၊ ၁၉၈၈၊ စက်မှုအားမာန်တာ ဆောင်၊ အမှတ်စဉ် ၂)*

■





## ကျောင်းသားကဗျာ

စာသင်ခန်းထဲမှာ
ကဗျာတစ်ပုဒ်စပ်ဖူးတယ်
စာသင်ခန်းထဲမှာ
ဗားတော့ဘရက်ဖတ်ဖူးတယ်
စာသင်ခန်းထဲမှာ
ဆေးလိပ်ခိုးသောက်ဖူးတယ်
စာသင်ခန်းထဲမှာ
ဆရာဆူတာခံရဖူးတယ်။


စာသင်ခန်းထဲ
စာမေးပွဲဖြေရမှာကို ကြောက်
စာအမေးခံရမှာကို ကြောက်
ပျင်းစရာကောင်းတဲ့ ပြဋ္ဌာန်းစာအုပ်ကြီးတွေကို ကြောက်ရင်း
ကျောင်းအတန်တန်ပြေးဖူးတဲ့ လူတစ်ယောက်
ခုတော့ . . .
စာသင်ခန်းထဲ ပြန်ရောက်ချင်တယ်
စာမေးပွဲတွေ ပြန်ဖြေချင်တယ်
စာသင်ခန်း. . . ငါ. . . လွမ်းတယ်ကွယ်။
တောထဲတောင်ထဲမှာ
စာမေးပွဲမရှိ

စာသင်ခန်းမရှိ
ပြဋ္ဌာန်းစာအုပ်မရှိ
လက်နက်ကိုင်နည်းလမ်းနဲ့
ကြမ်းတမ်းတဲ့ငှက်ဖျားရောဂါပိုးတွေ ရှိတယ်
လူမျိုးစုတော်လှန်ရေးသမားတွေ ရှိတယ်
သူတို့တွေနဲ့ အတူလက်တွဲလို့
စစ်အာဏာရှင်တွေကို ရင်ဆိုင်မယ်
ဗမာပြည်ကို ကယ်တင်မယ်
အမိမြေကို ပြန်ရယူမယ်။
ဒီမိုကရေစီရဲ့
ရွှေရောင်ဝင်းပတဲ့လမ်းမ
ငါတို့သွေးစက်များက လမ်းပြရှေ့ဆောင်
ပန်းပွင့်များအားလုံးအတွက် အောင်ပွဲ
ငါတို့သွေးနဲ့ လဲရမယ်။
မဝေးလှတဲ့
အနာဂတ်ရဲ့ စာသင်ခန်းထဲ
ငါမရှိလည်း ငါရှိနေသလို
မင်းမရှိလည်း မင်းရှိနေသလို
သူမရှိလည်း သူရှိနေသလို. . . ။

သူငယ်ချင်းတို့ရယ်
စွယ်တော်ရွက်တွေဝေတိုင်း
ငါတို့ကိုသတိရပါ
ကံ့ကော်ပွင့်တွေပွင့်တိုင်း
ငါတို့ကိုသတိရပါ
'ကျောင်းသားသမဂ္ဂအဆောက်အအုံအသစ်ဖွင့်ပွဲ'
ငါတို့ဝိညာဉ်တွေလည်း
ပါဝင်ဆင်နွှဲပါရစေလား။

***(ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၊***
***ဘိုးဝေစာစောင်၊ ဇန်နဝါရီလ ၁၉၈၉)***

■



## အိမ်ဝေး

ပြန်လာမယ် အမေ
ဉာဉ့်ညို တေးဆိုဖွဲ့
လွမ်းတဲ့ ဒီနွေ။

အိပ်မက်မှာလေ
ညနေချို ပန်းတွေပွင့်။

မလွမ်းကောင်းပေမည့်
ပန်းကျောင်းမှာ စာတွေသင်ဖို့
အမေအိုရင်ခွင်နန်းကို
မြန်းဖို့မျှော်လင့်။

(၁၉၈၉ခုနှစ် မေလအတွင်းက အင်းစိန်ထောင်၊ အထူးတိုက်၊ အခန်း အမှတ် ၂ ရဲ့ နံရံမှာ ရေးခြစ်ခဲ့တဲ့ကဗျာ၊ ၂၀၁၃ခုနှစ် ဧပြီလ ၅ ရက်နေ့မှာ မင်းကိုနိုင်ကျေးဇူးနဲ့ ပြန်လည်ရရှိ ပါတယ်)

***(အင်းစိန်အကျဉ်းထောင်၊ မေ ၁၉၈၉)***

■



## ခွင့်မသာ

ကောင်းကင်ကို
တွေ့မြင်ရပါ၏
ကျဉ်းမြောင်းသည့် အစိတ်အပိုင်းငယ်တစ်ခုမျှသာ။
မြေပြင်ကို
တွေ့မြင်ရပါ၏
သေးလွန်းသည့် ကွက်လပ်ငယ်တစ်ခုမျှသာ။
မိုးကုပ်စက်ဝိုင်းတွင်
နေလုံးမေးတင်၊ နှုတ်ဆက်စဉ်ကို
မြင်ချင်ပါ၏၊ မြင်ခွင့်မသာ။
အကျဉ်းသားဟာ
သူပါဝင်ခွင့်မရတော့တဲ့
ကမ္ဘာလောကကြီးကိုတမ်းတ
သတိရနေရုံမျှသာ။

(၁၉၈၉ ခုနှစ် မေလအတွင်းက အင်းစိန်ထောင်၊ အထူးတိုက်၊ အခန်း အမှတ် ၂ ရဲ့ နံရံမှာ ရေးခြစ်ခဲ့တဲ့ကဗျာ၊ ၂၀၁၃ခုနှစ် ဧပြီလ ၅ရက်နေ့မှာ မင်းကိုနိုင်ကျေးဇူးနဲ့ ပြန်လည်ရရှိပါတယ်)

***(အင်းစိန်အကျဉ်းထောင်၊ မေ ၁၉၈၉)***

■

## ၁၉၉၀ ခုနှစ်များ




## နှောက်ကျသူ


စာရွက်တစ်ရွက်ကို ဆုတ်ဖြဲလိုက်တော့
ဒီဇင်ဘာကို ငါတွေ့တယ်. . .။
နှင်းတွေ
နှင်းတွေ
မြေပြင်ပေါ် အလုအယက်ခုန်ဆင်းနေလိုက်ကြတာ
ကြောက်မက်ဖွယ်တစ်စုံတစ်ခုကနေ
ထွက်ပြေးလွတ်မြောက်ဖို့ ကြိုးစားနေကြသလိုမျိုး. . .။
ပျံလွှားငှက်တွေလည်း
အုပ်ဖွဲ့ပျံသန်းလာကြလေရဲ့
ညည်းတွားသံသဲ့သဲ့
လေနဲ့အတူမျောလွင့်လာတယ်
ကံကောင်းခွင့်မရရှာတဲ့
အဆိပ်သင့်မက်မုန့်ပွင့်များအတွက်တော့
ဒီဆောင်းဟာ ခါးသက်နေရော့မယ်. . .။

ပြိုးပြိုးပြက်ပြက်
ဆေးစက်ရောင်စုံခြယ်သ
ပျော်စရာပွဲတော်ညများ
ဝတ်ရုံလွှာပါးပါး
ဆံမျှင်စဖားလျား
အနမ်းတို့လန်းစွင့်ဝင့်ကြွား
အားလုံးလည်း မှုးယစ်ရီဝေ
ခြေထောက်တွေ ပျံ့သန်းနေလိမ့်မယ်. . . ။
တစ်ချိန်က
အောင်မြင်ကျော်ကြားခဲ့တဲ့ ကောင်းကင်ကြီးတောင်မှ
မှုန်လို့ မှိုင်းလို့
ဒီဇင်ဘာဟန်ဆောင်လို့. . . ။
ချစ်သူများရဲ့
ချိန်းဆိုထားတဲ့နာရီ
စေ့ရောက်ခဲ့ပြန်ပြီ. . . ။
ဆွတ်ပျံ့ဖွယ်ဂီတနဲ့
အေးစက်စက်ခရစ္စမတ်ည
လရောင်တစ်စွန်းတစ်စကျနေတဲ့
ဝက်သစ်ချပင်အိုကြီးရဲ့အောက်မှာ
ချစ်တဲ့သူရေ
ဒီနှစ်လည်း
တစ်ယောက်တည်း စောင့်မျှော်လွမ်းရစ်ပေဦးတော့. . . ။
စာရွက်တစ်ရွက်ကိုဆုတ်ဖြဲပြီး
ဒီဇင်ဘာကိုငါမေ့မယ်. . . ။

*(သရက်အကျဉ်းထောင်၊ ဒီဇင်ဘာ ၁၉၉၂)*

■






# တနင်္ဂနွေနှင့် သူ့မိတ်ဆွေများအကြောင်း

တနင်္ဂနွေဟာ
သူ့ဘဝသူ ကျေနပ်နေပုံမျိုးနဲ့
ပြုံးပြက်ဝင်းလက်ခြယ်သ
မှန်ရှေ့က ထလာတယ်။
ပြီးတော့
အသစ်ဟန်ဆောင်ထားတဲ့
နံနက်ခင်းကို နှုတ်ဆက်
အလင်းတစ်ဝက်၊ အိပ်မက်တစ်ခြမ်း
မနေ့ကထိ ငုံ့ဆဲပန်းတို့
ပွင့်လန်းဖို့ အချိန်တန်ပြီ . . . တဲ့
မာန်ဝင့်ကြွေးကြော်လိုက်တယ်။

သူ့ရဲ့ကြည်နူးပီတိတွေဟာ
အရပ်ဆယ်မျက်နှာ မျောလွင့်
ကတ္တီပါကားလိပ်ကို ဖွင့်တယ်
ဟိုတယ်တံခါးကို ဖွင့်တယ်
ပန်းခြံဝင်းပေါက်ကို ဖွင့်တယ်။
နီယွန်မီးခလုတ်ကို ဖွင့်တယ်
ဘီယာပုလင်းကို ဖွင့်တယ်
ကာရာအိုကေကက်ဆက်ကို ဖွင့်တယ်
မင်္ဂလာခန်းမကို ဖွင့်တယ်
သူ့ကိုယ်ပိုင်လက်ချောင်းတွေနဲ့ပေါ့။
သူ့လက်ထဲက ကတ်ကြေးနဲ့
ဖဲကြိုးကို ဖြတ်အပြီး
ကောင်းကင်ခရီးသွား
မိုးပျံပူဖောင်းများကို ကြည့်လို့
တနင်္ဂနွေဟာ
အားပါးတရ ရယ်မောလေရဲ့
တနင်္ဂနွေဖြစ်ရတာ
အမြင့်မြတ်ဆုံး. . ဆိုပဲ။
ဒါပေါ့
သူ့လောကကျဉ်းကျဉ်းကလေးထဲ
သူသိခွင့်ရသမျှကလည်း
ပေါက်ကွဲဂီတ
ရင်ခုန်ညရဲ့ နှင်းဆီ
ယစ်မူးရီဝေ၊ စက်ကဖြစ်တဲ့ လေနဲ့
အပျော်ကျူးတတ်တဲ့ နာရီတွေကိုး။
တကယ်လို့များ
လောကကြီးဟာ ဒီ့ထက်ကျယ်ပြန့်ပြီး
သူမသိသေးတာတွေ အများကြီးရှိသေးတဲ့အကြောင်း
သူသိသွားပြီး
အဲဒီ သူမသိသေးတာတွေကိုပါ
ထပ်ပြီးသိသွားဦးမယ်ဆိုရင်လေ။

*('တစ်မိုးတည်းအောက်မှာ' ကဗျာစာအုပ်၊ ၁၉၉၄)*

■



## ခက်ခက်ခဲခဲ ကုန်ဆုံးရတဲ့နေ့

မျက်နှာသစ်တယ်
ရေသောက်တယ်
တံခါးဝမှာထိုင်တယ်
မြင်နိုင်သမျှကောင်းကင်ကို ငေးမော
ခါးသက်သောအသံကို နားစွင့်
ဒီတစ်မနက်စာ အသင့်ဖြစ်နေတော့တယ်. . . ။

ပြီးမှ
တွေနေကျငှက်ကလေးတွေကို နှုတ်ဆက်
နေရောင်အလင်း ဝင်းပြက်
ငါချစ်မက်မြတ်နိုးရာ ကမ္ဘာ
ခုတော့လည်း အိပ်မက်ဆန်စွာ. . . ။

ငေးတယ်
အစိမ်းရောင်သစ်ရွက်တွေ ရောထွေး
တိုတောင်းလှစွာ အကွာအဝေးကန့်သတ်
ထပ်ခါတလဲလဲ ကျက်မှတ်ရဆဲဝန်းကျင်
ငါ ဘာကြောင့် အသက်ရှင်နေပါလိမ့်. . . ။

တွေးတယ်
ငယ်ဘဝနဲ့ ငါ့ငွေလမင်း
လှိုင်းထနေတဲ့ မြမြက်ခင်း
ရင်းနှီးသောအပြုံးများ အေးစက်စက်
အဆိပ်ခွက်ကိုင်ထားသော လက်များ
အမှန်တရားရဲ့ နှောင့်နှေးကြန့်ကြာမှု
တုပဖန်ဆင်းခြင်း အတတ်ပညာ
ကိုယ့်ကိုယ်ကိုယ် လိမ်ညာရာမှာသာ အောင်မြင်ခဲ့. . . ။

လမ်းလျှောက်တယ်
အရှေ့မှအနောက်ကို လျှောက်တယ်
အနောက်မှအရှေ့ကို လျှောက်တယ်
ပြီး ပြန်လျှောက်တယ်
လျှောက်ရင်းမောပန်း၊ ဟောဒီလမ်းမှာ
ခြေရာများလည်း၊ ထပ်ခါထပ်ခါ. . . ။

ဘယ်လောက် ဆွေးမြေ့စရာကောင်းသလဲ
ကြယ်တံခွန်နဲ့ ဝေးတယ်
သမုဒ္ဒရာနဲ့ ဝေးတယ်
ပစ္စုပ္ပန်နဲ့ ဝေးတယ်
အနာဂတ်နဲ့ ဝေးတယ်. . . ။


တွေးပြန်တယ် ပြီးတော့ ငေးတယ်
ကံကြမ္မာကို မချင့်မရဲဖြစ်
စိတ်ညစ်ကြေကွဲ အရောင်ခပ်မွဲမွဲမျက်နှာ
ကိုယ့်ကိုယ်ကိုယ် ပြန်မမြင်ရတာကျတော့
ကံကောင်းပြန်ရော. . . ။

ဒီလိုနဲ့ မောပန်းသွားမှ
ဝတ္ထုရေးတစ်ခု ထမ်းဆောင်ရသလို
ညနေစာကို မျိုချပြီး
တံခါးဝမှာ ငြိမ်ငြိမ်သက်သက်ထိုင်
မြင်နိုင်သမျှ ကောင်းကင်ကိုငေးမော
ခါးသက်သောအသံကို နားစွင့်
ဒီတစ်ညနေစာ အသင့်ဖြစ်နေတော့တယ်. . . ။

ခုမှပဲ
ဒီတစ်နေ့ဟာ
အသေအချာ ကုန်ဆုံးသွားတော့တယ်
ဝမ်းမြောက်ဖွယ်ပ. . . ။

***(ဟန်သစ်မဂ္ဂဇင်း၊ အောက်တိုဘာ ၁၉၉၄)***

■





## နွေဦးပေါက်ကဗျာရဲ့အဋ္ဌုပ္ပတ္တိ

မင်္ဂလာပါမိတ်ဆွေ
တနင့်တပိုး ထမ်းရွက်လာတဲ့
မေးခွန်းတွေကို ဘေးမှာချ
ဖရိုဖရဲဖြစ်နေတဲ့
အသက်ရှူသံကို တည့်မတ်လို့
လေညင်းရဲ့ လတ်ဆတ်မှုထဲ
ခင်ဗျား. . . နိုင်မြဲနိုင်ပါစေ . . ။
ခွင့်လွှတ်ပါ
ဘာကိုမှ ရှင်းမပြချင်တော့တာဟာ
ကျေနပ်စရာတစ်ခုပမာ
ကျနော် ဆေးလိပ်ဖြတ်လိုက်ပါပြီ. . . ။
ဒီလိုနဲ့.
အနှစ်သုံးဆယ်ကြေကွဲခဲ့သမျှ
တစ်စွန်းတစ်စ ဒိုင်ယာရီကိုဖတ်ပါ
ပြီး မှတ်မိသမျှနဲ့ နှိုင်းယှဉ်
ပရိုမီးသီးရုပ်စ်လောက် ကျနော်မနာကျင်ခဲ့ပါဘူး. . . ။

ဒါ့ထက်ပိုပြီး
နားလည်ချင်သေးတယ်ဆိုရင်တော့
ကျနော့် ဘဝကို ရှင်းလင်းဖော်ပြစရာ
စာကြောင်းတချို့ရှိလေရဲ့
ဒီလိုလေ။

ဘယ်သူ့အတွက်ရယ်လို့ မရည်ရွယ်ဘဲ
လင်းလက်နိုင်သမျှရဲ့ အဆုံးစွန်
ဝင်းပနေတဲ့ ကောင်းကင်ကြီးက. . . လှလို့။
အာဏာရှင်ကြီးတစ်ယောက်က
အဲဒီကောင်းကင်ကြီးကို
သူ့ရဲ့ ရှုပ်ပိန်အရက်ခွက်ထဲထည့်
နှစ်နှစ်ခြိုက်ခြိုက် သောက်ပစ်လိုက်တယ်။
ပညာတတ်တွေကတော့
သူတို့ရဲ့ ပြဋ္ဌာန်းစာအုပ်ထဲထည့်
ရွှေဘောင်ခတ် နှောင်ဖွဲ့ထားကြလေရဲ့။
သူဆင်းရဲကတော့
ညစာအဖြစ် တစ်ဝက်ကို စားသောက်ပြီး
ကျန်တစ်ဝက်ကို
မနက်အတွက်သိမ်းထားလိုက်တယ်။

ကျနော်ကတော့
ဖြစ်ပျက်သမျှကို ငေးမောတမ်းမက်
အားလုံးအတွက်ရည်စူး
နွေဦးပေါက်ကဗျာ ရေးဖွဲ့ချင်သူပေါ့. . . ။
ကဲ ဘယ့်နှယ့်ရှိစ. . မိတ်ဆွေ
လမ်းတူတယ်ဆိုရင်
လာ သွားကြစို့။

*(မေဇော်ဝါဒီလ၊ ၁၉၉၅)*

■



## လူတစ်ယောက်လိုလမ်းလျှောက်၍ လူအချို့ကို နှုတ်ဆက်ခြင်း

(၁)
ငါတို့
လမ်းလျှောက်ကြမယ်။
ဘယ်ကိုရယ်လို့ ဦးတည်ချက်မထားဘဲ
ဘယ်မှာရယ်လို့ ကန့်သတ်ချက်မရှိဘဲ
ငါတို့ လမ်းလျှောက်ကြမယ်။
(၂)
ငါတို့ရဲ့ခြေထောက်တွေက
ဒူးထောက်ရှိကိုးရတာထက်
လှုပ်ရှားသွားလာ
ညောင်းညာရတာကို ပိုနှစ်သက်သတဲ့။

ငါတို့လက်မောင်းတွေက
နောက်ပစ်ငြိမ်သက်ရတာထက်
ဘယ်ညာလက်လွှဲ ရဲချင်သတဲ့
ငါတို့မျက်ဝန်းတွေက
ရင်ဆိုင်တိုက်ခိုက်တဲ့လေကို ကြည့်ချင်သတဲ့။

ငါတို့နှလုံးသားက
ဆုံးမစာအပုဒ်တစ်ထောင်နဲ့
ဟန်ဆောင်ယဉ်ကျေးရတာထက်
ရိုးသားမှုနဲ့သွေးထွက်ချင်သတဲ့။
ဒါပေမဲ့လည်း
ဘဝထဲမှာ နေမြဲနေရင်း
အသက်ရှူသံတွေ ကြီးပြင်းခဲ့
ရင်ခုန်သံတွေ ငြီးချင်းဖွဲ့
စက်ရုပ်လို ကတတ်ခဲ့ပြီပဲ
လူတစ်ယောက်လို လမ်းလျှောက်ဖို့တော့
အခွင့်အရေး နည်းခဲ့တယ်။
(၃)
ရွှေနောက်ဝဲယာက
လမ်းလျှောက်လာကြတဲ့
မြို့ပြရဲ့ သရုပ်ဆောင်များခင်ဗျား။

အားပါးတရ လက်လွဲကြပါ
ဘဝဆိုတာ
ဒဏ်ရာတွေနဲ့ ဖွဲ့စည်းထားသမို့
ခြေလှမ်းတွေရှေ့မှာ
ခလုတ်ကန်သင်းတွေ ရှိနေမှာပဲ
ဝံ့ဝံ့ရဲရဲ လှမ်းကြပါ။

ခင်ဗျားတို့လည်း
မြို့ပြဇာတ်ခုံရဲ့ တစ်ထောင့်တစ်နေရာမှာ
လက်လျှော့ကြေကွဲခဲ့ရသူတွေပဲ မဟုတ်လား
အထင်မှားမိရင် ခွင့်လွှတ်ပ။
*(၁၉၉၅)*
■

## ကျေးဇူးစကား

အသက် ၁၈နှစ်အရွယ်၊ ၁၉၈၁ ခုနှစ်ကစပြီး ခေတ်ပေါ်ကဗျာအပေါ် ခုံမင်တပ်မက်ကာ ကဗျာကလေးတွေ ရေးဖွဲ့ခဲ့ပါတယ်။ ကိုယ်ရေးတဲ့ ကဗျာကို ပထမဆုံးအကြိမ် ပုံနှိပ်စာလုံးနဲ့တွေ့မြင်ရတာက ၁၉၈၂ ခုနှစ် မေလမှာ ထုတ်ဝေတဲ့ ရန်ကုန်စက်မှုတက္ကသိုလ်နှစ်လည်မဂ္ဂဇင်းမှာပါ။ နောက်တော့ ပေဖူးလွှာ၊ ရှုမဝ၊ မိုးဝေ၊ မဟေသီ၊ ချယ်ရီ၊ စံပယ်ဖြူ၊ သဘင်၊ ရုပ်ရှင်မျက်မှန်၊ ဒဂုန်၊ ရွှေ၊ ဟန်သစ်၊ သပြေစတဲ့မဂ္ဂဇင်းများမှာပါ 'ဒဏ္ဍ' ဆိုတဲ့ကလောင်အမည်နဲ့ ကဗျာအချို့ပုံနှိပ်ဖော်ပြခံရပါတယ်။ မဂ္ဂဇင်းစာမျက်နှာပေါ်မရောက်ဘဲ ကိုယ်ပိုင်မှတ်တမ်းစာအုပ်ကလေးထဲမှာပဲ ပုန်းခိုနေရတဲ့ ကဗျာကလေးတွေလည်း အများကြီးပါပဲ။

ဒီကဗျာစာအုပ်မှာပါဝင်တဲ့ကဗျာများဟာ 'ဒဏ္ဍ' ဆိုတဲ့ ကလောင်အမည်နဲ့ ၁၉၈၀ ပြည့်နှစ်များ၊ ၁၉၉၀ ပြည့်နှစ်များအတွင်းမှာ ရေးဖွဲ့ခဲ့တာဖြစ်လို့ အနည်းဆုံးသက်တမ်းနှစ် ၂၀ ကျော်ခဲ့ပါပြီ။ ဒါကြောင့်မို့ ဒီကဗျာစာအုပ်ကို 'အနှစ်နှစ်ဆယ်ကဗျာစု' လို့ အမည်ပေးလိုက်ပါတယ်။ ကျနော့်ရဲ့ ကဗျာလေးများကိုရွေးချယ်ခဲ့ကြတဲ့ အယ်ဒီတာများ၊ ပုံနှိပ်ဖော်ပြပေးခဲ့တဲ့မဂ္ဂဇင်းများ၊ ရေးဖော်ရေးဖက်ကဗျာဆရာများနဲ့ ကဗျာဖတ်သူများအားလုံးကို ကျေးဇူးတင်ပါတယ်။

ကျနော့်ညီ ရွှေဘုန်းလူ (ခေါ်) တာရာမင်းဝေက ကျနော့်အရင် ကဗျာစရေးတာပါ။ သူ့ကဗျာကလေးတွေကိုဖတ်ပြီးသူ့လိုပဲ ကဗျာရေးချင်စိတ်တွေပေါ်ခဲ့ရပါတယ်။ သူ့ကြောင့် ကဗျာရေးဖြစ်ခဲ့တာမို့ ကျနော့်ထက်ငယ်ပြီး ကျနော့်ထက်အနုပညာအသက်ကြီးတဲ့၊ ကျနော့်ထက်အနုပညာအား ပိုမိုမြင့်မားတဲ့ တာရာမင်းဝေကို ကျေးဇူးတင်ပါတယ်။ တစ်ချိန်တည်းမှာ၊ တစ်ခေတ်တည်းမှာ ကဗျာတွေအတူတူရေးဖွဲ့ကြပြီး မဂ္ဂဇင်းစာမျက်နှာတွေပေါ်ရောက်အောင် အတူတကွကြိုးစားကြရင်း တစ်ယောက်နဲ့

တစ်ယောက် အပြန်အလှန်အားပေးနွေးထွေးခဲ့ကြတဲ့ နွေလယ်နေ၊ မင်းလွင်စိုး(ဧယျဝတီ)၊ နှင်းခါးမိုးစတဲ့ကဗျာရဲဘော်များကိုလည်း သတိရ ကျေးဇူးတင်ပါတယ်။

၁၉၈၉ နဲ့ ၁၉၉၃ ခုနှစ်များ အတွင်းမှာ ကဗျာကို စာရွက်ပေါ်မှာ ဖောင်တိန်နဲ့ ရေးခွင့်မရဘဲ နှုတ်ကရွတ်ဆိုရေးသားပြီး စိတ်နဲ့အကြိမ်ကြိမ် ကျက်မှတ်ခဲ့ရပါတယ်။ လေးနှစ်ကျော်ဘဝရဲ့တစ်ခုထဲမှာ ပျောက်ဆုံးသွားခဲ့တဲ့ ကဗျာတွေကိုနှမြောမိပါရဲ့။ အချို့ကဗျာကလေးတွေကို အုတ်နံရံပေါ်ကနေ အလွတ်ကျက်မှတ်ပြီး ပြန်လည်ရွတ်ဆိုပေးတဲ့ သူငယ်ချင်းမင်းကိုနိုင်ကိုကျေးဇူးတင်ပါတယ်။ ဒီစာအုပ်ထုတ်ဝေနိုင်ဖို့ စာလုံးပေါင်းသတ်ပုံမှန်အောင်စစ်ဆေးပေးတဲ့မဝါ၊ ကျနော့်ကဗျာအဟောင်းလေးများကို ရှာဖွေစုဆောင်းရာမှာ ကူညီခဲ့ကြတဲ့ နောင်တော်ကြီး ကိုတင်မောင်ဝင်း (လေးကိုတင်)၊ သူငယ်ချင်းကိုဘိုဘိုထွန်း၊ တင်မင်းထက်နဲ့ညီမ မနော်ဟရီတို့ကိုလည်း အထူးကျေးဇူးတင်ရပါတယ်။

ဒီကဗျာစာအုပ်ကလေး ဖြစ်မြောက်အောင် တာဝန်ခံစီစဉ်ပေးတဲ့ ကိုဇော်မင်းကျော် (ပြည်သွေးနိုင်)၊ မျက်နှာဖုံးနဲ့ အတွင်းပုံများ ရေးဆွဲပေးတဲ့ ကာတွန်းဝင်းအောင်၊ ကိုမောင်နိုး၊ ကိုစိုးနိုင်တို့ကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါ့အပြင် ကျနော်ရဲ့ကဗျာဖြစ်တဲ့ ညစာနဲ့ပွင့်ခြင်းညနေကို ရှာဖွေပေးတဲ့ ကဗျာဆရာ လင်းဦးသစ်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဖတ်ရှုခံစားကြတဲ့ ကဗျာချစ်သူများကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း။

*လေးစားစွာ*

*အောင်ဒင်*

ဩဂုတ်လ ၃၀၊ ၂၀၁၄ ခုနှစ်

(ခေတ္တ၊ အမေရိကန်ပြည်ထောင်စု)

■



# အောင်ခင် (ဒဿ) (၁၉၆၃- )

၁၉၆၃ ခုနှစ် မတ်လ ၈ရက် (သောကြာနေ့) တွင် တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်၌ ဖွားမြင်သည်။ မွေးဖွားစဉ် လေပြင်းမတိုက်၊ ငလျင်မလှုပ်၊ မုန်တိုင်းမကျ၊ မိုးကြိုးမပစ်ပါ။ ဝါရင့်သတင်းစာဆရာကြီး ဦးကျော်ရှိန် (မြေလတ်ဖိုးအောင်-၂၀၀၉ ခုနှစ် မေလတွင်ကွယ်လွန်) နှင့် မိခင်ကြီး ဒေါ်လှကြည်တို့၏ အကြီးဆုံးသားဖြစ်သည်။ အမည်ရင်းမှာ ချစ်ကိုကိုဖြစ်သည်။ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၉ ရပ်ကွက်၊ အစိုးရမူလတန်းကျောင်းအမှတ် ၁၀ တွင် သူငယ်တန်းမှ လေးတန်းအထိ၊ တောင်ဥက္ကလာပမြို့နယ် အစိုးရအလယ်တန်းကျောင်းအမှတ် ၃တွင် ပဥ္စမတန်း၊ ရန်ကင်းမြို့နယ် အစိုးရအထက်တန်းကျောင်းအမှတ် ၂ တွင် ဆဋ္ဌမတန်းမှ ဒသမတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ဒသမတန်းအောင်မြင် ၍ ရန်ကုန်တိုင်း အမှတ် ၂ ဒေသကောလိပ်တွင် သိပ္ပံ (သင်္ချာ) ဘာသာတွဲဖြင့် ပထမနှစ်၊ ဒုတိယနှစ်များတက်ရောက်ခဲ့ပြီး ၁၉၈၁ ခုနှစ်တွင်

ရန်ကုန်စက်မှု တက္ကသိုလ်သို့ တတိယနှစ်၊ စက်မှုအင်ဂျင်နီယာအဓိကဖြင့် ရောက်ရှိသည်။ စာမေးပွဲအကြိမ်ကြိမ်ကျ၍ ၁၉၈၈ခုနှစ်တွင်မှ နောက်ဆုံးနှစ် အတန်းသို့ ရောက်ရှိသည်။

နောက်ဆုံးနှစ် စက်မှုတက္ကသိုလ်ကျောင်းသားတစ်ယောက်အဖြစ် ၁၉၈၈ ခုနှစ် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးတွင် မထင်မရှားပါဝင်ခဲ့သည်။ အရေးတော်ပုံကာလအတွင်း ကျောင်းသားခေါင်းဆောင် မောင်မောင်ကျော်နှင့်အတူ 'ဗမာပြည်၊ ပြည်သူ့လွတ်မြောက်ရေးလူငယ်တပ်ဦး'ကို ဖွဲ့စည်းတည်ထောင်ပြီး အတွင်းရေးမှူးနှင့် ဒုဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလဆန်းတွင်ဖွဲ့စည်းသော ကွယ်လွန်သူ ဝန်ကြီးချုပ်ဟောင်း ဦးနု ဦးဆောင်သည့် စင်ပြိုင်အစိုးရတွင် အစိုးရအဖွဲ့အတွင်းရေးမှူးအဖြစ်။ ၁၉၈၉ ခုနှစ် ဇန်နဝါရီလမှစ၍ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ)၏ ဒုဥက္ကဋ္ဌ ၂ အဖြစ်။ ဒီမိုကရေစီပြည်သူ့တပ်ပေါင်းစု၏ သဘာပတိအဖွဲ့ဝင်အဖြစ် တာဝန်များထမ်းဆောင်ခဲ့သည် ။ ၁၉၈၉ ခုနှစ် ဧပြီလတွင် ဖမ်းဆီးထိန်းသိမ်းခံရပြီး စစ်ခုံရုံးမှအလုပ်ကြမ်းနှင့်ထောင်ဒဏ် ၄ နှစ် ချမှတ်ခြင်းခံရသည်။ အင်းစိန်ထောင်နှင့်သရက်ထောင်များတွင် ၄ နှစ်နှင့် ၃ လကျော်အကျဉ်းကျခဲ့ပြီး ၁၉၉၃ ခုနှစ် ဇူလိုင်လတွင် ပြစ်ဒဏ်ကာလပြည့်သဖြင့် သရက်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်ခဲ့သည်။ အကျဉ်းထောင်မှ လွတ်မြောက်ပြီးနောက် ပါမောက္ခချုပ်၏ ခွင့်ပြုချက်ဖြင့်ကျောင်းပြန်လည်တက်ခွင့်ရပြီး ၁၉၉၄ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်မှ စက်မှုအင်ဂျင်နီယာဘွဲ့ (B.E., Mechanical Engineering) ရရှိခဲ့သည်။

စက်မှုတက္ကသိုလ်ကျောင်းသားဘဝ(၁၉၈၁-၁၉၈၈ နှင့်၁၉၉၄) အတွင်း ကလောင်အမည် ဒတ္တဖြင့် ကဗျာများ ရေးသားဖွဲ့ဆိုပြီး မိုးဝေ၊ ရှုမဝ၊ ပေဖူးလွှာ၊ မဟေသီ၊ ချယ်ရီ၊ သပြေ၊ သဘင်၊ ပန်၊ ဒဂုန်၊ စံပယ်ဖြူ၊ ရုပ်ရှင်မျက်မှန်၊ ဟန်သစ် စသည့် မဂ္ဂဇင်းများနှင့် ရန်ကုန်စက်မှုတက္ကသိုလ် နှစ်လည်မဂ္ဂဇင်းများတွင်ဖော်ပြပါရှိခဲ့သည်။ ၁၉၉၅ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံမှ ထွက်ခွာပြီး စင်ကာပူနှင့် ထိုင်းနိုင်ငံများတွင် ၄နှစ်ကျော် နေထိုင်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုသို့ ၂၀၀၁ ခုနှစ်တွင်ရောက်ရှိပြီး မြန်မာပြည်လွတ်မြောက်ရေးညွန့်ပေါင်းအဖွဲ့(Free Burma Coalition) ၏ မူဝါဒရေးရာညွှန်ကြားရေးမှူး (Policy Director) အဖြစ် တာဝန်ယူခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် 'အမေရိကန် ပြည်ထောင်စု၊ မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့' (U.S. Campaign for Burma) ကိုတည်ထောင်ပြီး အမှုဆောင်ညွှန်ကြားရေးမှူး (Executive Director)အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစ၍အဖွဲ့အစည်း တာဝန်များအားလုံးမှ အနားယူပြီး စာပေရေးသားခြင်းဖြင့် ရပ်တည်လျက်ရှိသည်။ ညီဖြစ်သူ ကဗျာဆရာ၊ စာရေးဆရာနှင့် နိုင်ငံရေးအကျဉ်းသားဟောင်း ရွှေဘုန်းလူ(ခေါ်) တာရာမင်းဝေမှာ ၂၀၀၇ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင်ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ ညီမအငယ်ဆုံးခင်စန္ဒာမိုးမှာခင်ပွန်းသည်၊ သားလေးလင်းတာရာတို့နှင့်အတူ အမေရိကန်ပြည်ထောင်စု၊ အနောက်ဗာဂျီးနီးယား ပြည်နယ်တွင်နေထိုင်လျက်ရှိသည်။

၁၉၉၉ ခုနှစ်တွင် စင်ကာပူနိုင်ငံ Singapore Institute of Management (SIM) (Now- Singapore Management University) မှ Graduate Diploma in Business Administration (GDBA) ဘွဲ့ရရှိခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီရှိ The American University မှ Master of International Service (MIS)ဘွဲ့ရရှိခဲ့သည်။ အမေရိကန်ပြည် ထောင်စုအခြေစိုက် National Endowment for Democracy (NED)မှ ချီးမြှင့်သော ၂၀၁၂ခုနှစ် ဒီမိုကရေစီဆု (2012 Democracy Award)ကို ကိုကျော်သူ၊ ဦးခွန်ထွန်းဦး၊ မင်းကိုနိုင်၊ ဒေါက်တာစင်သီယာမောင်တို့နှင့်အတူ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုကြီးကို ကိုယ်စားပြုရရှိခဲ့သည်။

■